# မြန်မာ EITI လုပ်ငန်းစဉ်အား ပိုမိုသိရှိနားလည်စေရန် နှင့် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် (၂) နှစ်စာ MEITI Reconciliation အစီရင်ခံစာကို ပြင်ဆင်နိုင်ရန်အတွက် ဝန်ကြီးဌာန (၃)ခုအောက်ရှိ အစိုးရဌာနအသီးသီးမှ အလုပ်အဖွဲ့ဝင်ကိုယ်စားလှယ်များနှင့် ပူးတွဲကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ




၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်

သင်္ဂဟဟိုတယ်၊ နေပြည်တော်

## မာတိကာ

၁။ အလုပ်ရုံဆွေးနွေးပွဲ အကြောင်းအရာ အကျဉ်းချုပ် ....... 3
၂။ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက် ....... 4
၃။ အလုပ်ရုံဆွေးနွေးပွဲ၏ မျှော်မှန်းရလဒ်များ ....... 4
၄။ ကာလ နှင့် ကျင်းပသည့်နေရာ ....... 4
၅။ ဆွေးနွေးပွဲသို့ တက်ရောက်သူများ ....... 4
၆။ ဆွေးနွေးပွဲ အစီအစဉ် ....... 5
၇။ အလုပ်ရုံ ဆွေးနွေးပွဲနေ့ (၁၈-၉-၂၀၁၇) ....... 5
၇.၁။ အဖွင့်အမှာစကားပြောကြားခြင်း (ဒေါက်ရဲမြင့်ဆွေ၊ ညွှန်ကြားရေးမှူးချုပ်) ....... 5
၇.၂။ မိတ်ဆက်ခြင်း နှင့် အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြခြင်း (ဦးထွန်းပေါ်ဦး၊ Technical Specialist at NCS) ....... 6
၇.၃။ MEITI ၏ နောက်ခံသမိုင်းကြောင်းအား ရှင်းလင်းတင်ပြခြင်း (ဦးဆန်းဝင်း၊ Deputy Director of MOBD) ....... 7
၇.၄။ သယံဇာတအရင်းအမြစ်များစီမံခန့်ခွဲခြင်း နှင့် EITI လုပ်ငန်းစဉ်တွင် အစိုးရ၏ အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများ (ဦးဆလိုင်း) ....... 8
၇.၅။ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်း ....... 11
၇.၆။ EITI အစီရင်ခံစာအချိန်ဇယား နှင့် အဆင့်များအကြောင်း ရှင်းလင်းတင်ပြခြင်း (ဒေါ်ခင်စောဌေး၊ NRGI) ....... 11
၇.၇။ ပထမအကြိမ် EITI အစီရင်ခံစာအပေါ် အကြံပြုတိုက်တွန်းချက်များအား ရှင်းလင်းတင်ပြခြင်း (ဒေါ်တာရာမောင်) ....... 12
၇.၈။ အီးအိုင်တီအိုင် structure အားရှင်းလင်းတင်ပြခြင်း (ဒေါ်တာရာမောင်) ....... 19
၇.၉။ ၂၀၁၆ အီးအိုင်တီအိုင် standards များအကြောင်း ရှင်းလင်းတင်ပြခြင်း (ဒေါ်ခင်စောဌေး၊ NRGI) ....... 19
၇.၁၀။ အီးအိုင်တီအိုင် ဗီဒီယိုပြသခြင်း ....... 21
၇.၁၁။ Reporting template များအကြောင်းရှင်းလင်းတင်ပြခြင်း (ဒေါ်တာရာမောင်) ....... 21
၇.၁၂။ အုပ်စုဖွဲ့ဆွေးနွေးခြင်း ....... 22
၇.၁၃။ ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်း ....... 22
၈။ ကျေးဇူးတင်စကားပြောကြားခြင်း (ဦးထွန်းပေါ်ဦး ၊ NCS Technical Specialist) ....... 26
၉။ နောက်ဆက်တွဲများ ....... 27
၉.၁။ နောက်ဆက်တွဲ(၁) အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သူများစာရင်း ....... 27

၉.၂။ နောက်ဆက်တွဲ (၂) အခမ်းအနားအစီအစဉ် ........................................................................29
၉.၃။ နောက်ဆက်တွဲ (၃) လှုပ်ရှားမှုဓါတ်ပုံများ ..............................................................................0

## ၁။ အလုပ်ရုံဆွေးနွေးပွဲ အကြောင်းအရာ အကျဉ်းချုပ်

EITI လုပ်ငန်းစဉ်အား သိနားလည်စေခြင်း နှင့် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ၂ နှစ်စာ Reconciliation အစီရင်ခံစာကို ပြင်ဆင်နိုင်ရန်အတွက် အစိုးရအလုပ်အဖွဲ့ဝင်များနှင့် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့၌ နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ (EITI) လုပ်ငန်းစဉ်အား သိနားလည်စေခြင်း နှင့် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ၂ နှစ်စာ Reconciliation အစီရင်ခံစာကို ပြင်ဆင်နိုင်ရန်အတွက် အစိုးရအလုပ်အဖွဲ့ဝင်များနှင့် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန နှင့် စီမံကိန်း နှင့် စာရင်းအင်း ဝန်ကြီးဌာနလက်အောက်ရှိ ဌာနများဖြစ်သော မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အကောက်ခွန်ဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ မြန်မာ့ပုလဲလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း၊ ဘူမိဗေဒလေ့လာရေး နှင့် ဓါတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ စာရင်းစစ်ချုပ်ရုံး၊ ရသုံးမှန်းခြေငွေစာရင်းဌာန၊ အခွန်ထမ်း ကြီးများဆိုင်ရာအခွန်ရုံး၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံရေးဦးစီးဌာနတို့မှ အစိုးရအရာရှိများ၊ Resource persons များနှင့် National Coordination Secretariat (NCS) မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ အစိုးရ အလုပ်အဖွဲ့ဝင်များအား MEITI လုပ်ငန်းစဉ်၊ အစီရင်ခံစာ အချိန်ဇယား နှင့် MEITI 2016 စံနှုန်းအကြောင်း သိရှိနားလည်စေရန် နှင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု နှင့်စပ်လျဉ်း၍ အစိုးရဝန်ထမ်းများအား စွမ်းဆောင်ရည် မြှင့်တင်ပေးရန် ဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲကာလတွင် MEITI လုပ်ငန်းစဉ်၏ သမိုင်းကြောင်း နှင့် လက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ အစိုးရ၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များ နှင့် MEITI ၏ အခန်းကဏ္ဍ၊ သယံဇာတစီမံအုပ်ချုပ်ခြင်း နှင့် EITI လုပ်ငန်းစဉ်တွင် အစိုးရပိုင်း၏ အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းတင်ပြခြင်း၊ MEITIလုပ်ငန်းစဉ် နှင့် အစီရင်ခံစာ အချိန်ဇယားအကြောင်း နှင့် ပထမအကြိမ် အစီရင်ခံစာအတွက် အကြံပြုချက်များအကြောင်းကို ရှင်းလင်းတင်ပြခြင်း နှင့် ယခုနှစ်အတွက် ဌာနဆိုင်ရာများအတွက် ယင်းအကြံပြုချက်များအတွက် ပြင်ဆင်ထားချက်များအား ဆွေးနွေးခဲ့ခြင်း၊ ၂၀၁၆ EITI စံနှုန်း နှင့် အရင်နှစ်က reporting template များအကြောင်း ဆွေးနွေးခြင်းတို့အပြင် ဌာနဆိုင်ရာအလိုက် အောက်ပါခေါင်းစဉ်များကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

- ဒုတိယ နှင့် တတိယ အကြိမ် MEITI အစီရင်ခံစာ ပြုစုရာတွင် အစိုးရကဏ္ဍတွင် ရင်ဆိုင်ကြုံတွေ့နိုင်သည့် စိန်ခေါ်မှု/အခက်အခဲများကို ဆွေးနွေးခြင်း
- ယင်းစိန်ခေါ်မှု/အခက်အခဲများကို မည်သို့ ရင်ဆိုင်ကျော်လွှားလို့ရမလဲ။
- ယင်းစိန်ခေါ်မှုများအတွက် ဘာတွေပြင်ဆင်ထားပြီးပြီလဲ။
- ရှေ့ဆက်မည်သို့ ဆက်လက်ဆောင်ရွက်မလဲ။

ရလဒ်များအနေဖြင့် MEITIလုပ်ငန်းစဉ်တွင်ပါဝင်နေသည့် အစိုးရလုပ်ငန်းအဖွဲ့ဝင်များအား EITI လုပ်ငန်းစဉ်၊ အစီရင်ခံစာ အချိန်ဇယား နှင့် MEITI 2016 စံနှုန်းအကြောင်း သိရှိနားလည်စေခြင်း၊ သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု နှင့် MEITI လုပ်ငန်းစဉ်တွင် အစိုးရ၏ အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများကို သိနားလည်စေခြင်း နှင့် ဒုတိယအကြိမ်အစီရင်ခံစာအတွက် အစိုးရကဏ္ဍအနေဖြင့် ရင်ဆိုင်ကြုံတွေ့နိုင်သည့် အခက်အခဲများကိုဖော်ထုတ်နိုင်ခဲ့သည့်အပြင် ယင်းအခက်အခဲများကို ကျော်လွှားနိုင်သည့် နည်းလမ်းများ နှင့်

ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနများအလိုက် ဖော်ထုတ်နိုင်ခဲ့သည့်အတွက် ရလဒ်ကောင်းများရရှိခဲ့သည့် ဆွေးနွေးပွဲတစ်ခုပင်ဖြစ်ပါသည်။

## ၂။ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်

အလုပ်ရုံဆွေးနွေးပွဲကို အောက်ပါရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

- MEITI လုပ်ငန်းစဉ်၊ အစီရင်ခံစာ အချိန်ဇယား နှင့် MEITI 2016 စံနှုန်းအကြောင်း သိရှိနားလည်စေရန်
- Scoping Study အစီရင်ခံခြင်းအပေါ် ပြန်လည်ဆန်းစစ်မှုဆောင်ရွက်ခြင်း အဆင်သင့်ဖြစ်နေစေရန် အတွက် တုံ့ပြန်ခြင်းနှင့် ဝေမျှခြင်းပြုလုပ်ရန်
- အချက်အလက်များစုဆောင်းခြင်း၊ မျှဝေခြင်းနှင့်ပတ်သတ်၍ အစိုးရဘက်မှ ရင်ဆိုင်နေရသော အခက်အခဲများကို နားလည်စေရန်
- သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း အဆင့်မှီ/အရည်အသွေးပြည့်မီသော သတင်းအချက် အလက်များပေးရန် အတွက် အဆင်သင့်ဖြစ်နေစေရန်
- သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု နှင့်စပ်လျဉ်း၍ အစိုးရဝန်ထမ်းများအား စွမ်းဆောင်ရည် မြှင့်တင်ပေး ရန်

## ၃။ အလုပ်ရုံဆွေးနွေးပွဲ၏ မျှော်မှန်းရလဒ်များ

အလုပ်ရုံဆွေးနွေးပွဲ၏ မျှော်မှန်းရလဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- အစိုးရကဏ္ဍရှိ သက်ဆိုင်ရာဌာနများတွင် MEITI လုပ်ငန်းစဉ်၊ MEITI အစီရင်ခံစာ အချိန်ဇယား နှင့် MEITI 2016 စံနှုန်းအကြောင်း သိရှိနားလည်လာပြီးဖြစ်သည်
- Scoping Study အစီရင်ခံခြင်းအပေါ် ပြန်လည်ဆန်းစစ်မှုဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေပြီးဖြစ်သည်
- အချိန်ဇယားအတိုင်း အဆင့်မှီ/အရည်အသွေးပြည့်မီသော အချက်အလက်များပေးရန်အတွက် အဆင်သင့် ဖြစ်နေစေပြီးဖြစ်သည်
- သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု နှင့်စပ်လျဉ်း၍ အစိုးရဝန်ထမ်းများအား စွမ်းဆောင်ရည် မြှင့်တင်ပေးပြီးဖြစ်သည်

## ၄။ ကာလ နှင့် ကျင်းပသည့်နေရာ

EITI လုပ်ငန်းစဉ်အား သိနားလည်စေခြင်း နှင့် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ၂ နှစ်စာ Reconciliation အစီရင်ခံစာကို ပြင်ဆင်နိုင်ရန်အတွက် အစိုးရအလုပ်အဖွဲ့ဝင်များနှင့် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် နေပြည်တော်ရှိ သင်္ဟာဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

## ၅။ ဆွေးနွေးပွဲသို့ တက်ရောက်သူများ

EITI လုပ်ငန်းစဉ်အား သိနားလည်စေခြင်း နှင့် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ၂ နှစ်စာ Reconciliation အစီရင်ခံစာကို ပြင်ဆင်နိုင်ရန်အတွက် အစိုးရအလုပ်အဖွဲ့ဝင်များနှင့် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန နှင့် စီမံကိန်း နှင့် စာရင်းအင်းဝန်ကြီးဌာန လက်အောက်ရှိ ဌာနများဖြစ်သော မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အကောက်ခွန်ဦးစီးဌာန၊ သတ္တုတွင်း

ဦးစီးဌာန၊ မြန်မာ့ပုလဲလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း၊ ဘူမိဗေဒလေ့လာရေး နှင့် ဓါတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ မြန်မာ့ရေနံ နှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း၊ စာရင်းစစ်ချုပ်ရုံး၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ အခွန်ထမ်းကြီးများအခွန်ဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၊ တို့မှ အစိုးရအရာရှိများ (၅၉) ဦး၊ Resource persons (၂) ဦး နှင့် National Coordination Secretariat (NCS) မှ (၄) ဦး တက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသား (၂၆) ဦး၊ အမျိုးသမီး (၃၉) ဦး၊ စုစုပေါင်း (၆၅) ဦး တက်ရောက်ခဲ့ကြပါသည်။ တက်ရောက်သူစာရင်းအသေးစိတ်ကို နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

## ၆။ ဆွေးနွေးပွဲ အစီအစဉ်

အလုပ်ရုံဆွေးနွေးပွဲ တစ်ရက်တာကာလအတွင်း အဓိကအားဖြင့် MEITI လုပ်ငန်းစဉ်၏ သမိုင်းကြောင်း နှင့် လက်ရှိအခြေအနေများ၊ အစိုးရ၏ ပြုပြင်ပြောင်းလဲရေးအစီအမံများနှင့် MEITI ၏ အခန်းကဏ္ဍ၊ သယံဇာတစီမံအုပ်ချုပ်ခြင်း နှင့် EITI လုပ်ငန်းစဉ် တွင် အစိုးရပိုင်း၏ အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများ၊ EITI လုပ်ငန်းစဉ် နှင့် အစီရင်ခံစာ အချိန်ဇယားအကြောင်း၊ ပထမအကြိမ် အစီရင်ခံစာအတွက် အကြံပြုချက်များအကြောင်း ရှင်းလင်းတင်ပြခြင်း၊ ၂၀၁၆ EITI စံနှုန်း နှင့် အရင်နှစ်က reporting template များအကြောင်း ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ အစီအစဉ် အသေးစိတ်ကို နောက်ဆက်တွဲ (၂) တွင်ဖော်ပြထားပါသည်။

## ၇။ အလုပ်ရုံ ဆွေးနွေးပွဲနေ့ (၁၈-၉-၂၀၁၇)

### ၇.၁။ အဖွင့်အမှာစကားပြောကြားခြင်း (ဒေါက်ရဲမြင့်ဆွေ၊ ညွှန်ကြားရေးမှူးချုပ်)

ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေမှ အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ EITI အလုပ်ရုံဆွေးနွေးပွဲသို့ ကြွရောက်လာကြသည့် ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ နှင့် National Coordination Secretariat (NCS) ရုံးမှ တာဝန်ရှိသူများအား မင်္ဂလာနံနက်ခင်းပါဟု နှုတ်ခွန်းဆက်သပါကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲအားကျင်းပရခြင်းမှာ အီးအိုင်တီအိုင်လုပ်ငန်းစဉ် နှင့် အချိန်ဇယားအတိုင်း ဆောင်ရွက်ထားရှိရမည်များကို ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား သိရှိစေရန်၊ နယ်ပယ်လေ့လာ သတ်မှတ်ခြင်းအစီရင်ခံစာကို ပြန်လည်သုံးသပ်ခြင်း နှင့် အကြံပြုချက်များအားပေးနိုင်ရန်၊




အရည်အသွေးပြည့်မီသည့် သတင်းအချက်အလက်များပေးပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်သည့် ပွင့်လင်းမြင်သာမှုကို ဆောင်ရွက်ရန် နှင့် နိုင်ငံတော်အစိုးရ၏ သယံဇာတစီမံအုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးတွင် ဆက်စပ်ဌာနများမှ တတ်အားသ၍ ပူးပေါင်းထောက်ပံ့ကူညီမှုများပေးနိုင်ရန် နှင့် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေး နှစ်နှစ်စာ ပါဝင်သည့် ဒုတိယအကြိမ်အစီရင်ခံစာကို အချိန်မှီထွက်ရှိနိုင်ရေး နှင့် အရည်အသွေးပြည့်မီသည့် အစီရင်ခံစာတစ်စောင်ဖြစ်စေရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ scoping study report ထွက်ရှိ၍ Material Threshold ဖြတ်ပြီးပါက ရေးသားတင်သွင်းမည့် အစီရင်ခံစာ အချက်အလက်များ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ ယင်းနောက် အောက်တိုဘာ ၃ ရက်နေ့တွင် Reporting template တွင် ဘယ်လိုပုံစံဖြည့်စွက်ရမည်ကို အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ပြီး ယင်းနောက် ဆက်စပ်ဌာနများဖြစ်သည့် သတ္တုတွင်း၊ သစ်တော၊ စွမ်းအင်ကဏ္ဍတို့မှ အချက်အလက်များကို ဖြည့်သွင်းရမည်ဖြစ်ကြောင်း၊ အချိန် (၂) လခန့်သာ ရရှိသည့်အတွက် ဆက်စပ်ဌာနများအနေဖြင့် ဘယ်လိုပြင်ဆင်ထားရမလဲ၊ ဘာတွေကိုကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိရမလဲ သိရှိစေရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း နှင့် တက်ရောက်လာကြသည့် ဆက်စပ်ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အားလုံးပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် ကူညီပေးကြပါရန် ပြောကြားခဲ့ပါသည်။

## ၇.၂။ မိတ်ဆက်ခြင်း နှင့် အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြခြင်း (ဦးထွန်းပေါ်ဦး၊ Technical Specialist at NCS)

ဦးထွန်းပေါ်ဦးမှ ပထမဦးစွာ အလုပ်ရုံဆွေးနွေးပွဲသို့ စုံလင်စွာ တက်ရောက်ပေးကြသည့် သက်ဆိုင်ရာဌာန အသီးသီးမှ ကိုယ်စားလှယ်များအား နှုတ်ခွန်းဆက်သပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းမှာ MEITI လုပ်ငန်းစဉ်တွင် ပါဝင်နေသော အစိုးရဌာနများမှ ကိုယ်စားလှယ်များအနေဖြင့် MEITI လုပ်ငန်းစဉ်၊ အစီရင်ခံစာ အချိန်ဇယား နှင့် MEITI 2016 စံနှုန်းအကြောင်း ကို သိနားလည်စေရန်၊ Scoping Study အစီရင်ခံခြင်းအပေါ် ပြန်လည်ဆန်းစစ်မှုဆောင်ရွက်ခြင်း အဆင်သင့်ဖြစ်နေစေရန်၊ အချက်အလက်များ

ဖြည့်သွင်းစုဆောင်းခြင်း၊ မျှဝေခြင်းနှင့်ပတ်သတ်၍ အစိုးရဘက်မှ ရင်ဆိုင်နေရသော အခက်အခဲများကို ဌာနအချင်းချင်းအကြား သိရှိ နားလည်စေရန်၊ သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း အရည်အသွေးမီသော ကိန်းဂဏန်းအချက်အလက်များကို အချိန်မီရရှိရန်၊ သယံဇာတစီမံအုပ်ချုပ်မှု နှင့်စပ်လျဉ်း၍ ဗဟုသုတပိုမို ရရှိစေရန် တို့အတွက် ကျင်းပခြင်းဖြစ်ကြောင်း နှင့် အရည်အသွေးမီသော အစီရင်ခံစာထွက်ပေါ်လာခြင်းသည် မြန်မာနိုင်ငံအတွက် နိုင်ငံတစ်ကာတွင် အဆင့်တစ်ခုကို ရရှိနိုင်မည်ဖြစ်သောကြောင့် အရေးကြီးကြောင်း ပြောကြားခဲ့ပါသည်။ ယင်းနောက် ဦးထွန်းပေါ်ဦးမှ တက်ရောက်လာသူများအား အချင်းချင်းရင်းနှီးမှုရှိစေရန် အတွက် မိမိတို့၏ အမည်၊ ဌာန နှင့် ရာထူးတာဝန်တို့ကို မိတ်ဆက်ပေးကြပါရန် ပြောကြားခဲ့ပါသည်။




၎င်းနောက် ဆရာ ဦးကျော်သက် မှ ၎င်းအနေဖြင့်၂၀၁၂ ခုနှစ်ကတည်းက MEITI တွင် စတင်ဆောင်ရွက်ခဲ့ ကြောင်း၊ ယခုလက်ရှိတွင် သယံဇာနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တု တွင်းဦးစီးဌာနမှ MSG ကိုယ်စားလှယ်လောင်းဖြစ်ကြောင်း မိတ်ဆက်ပြောကြားခဲ့ပါသည်။ တက်ရောက်လာသည့် အစိုးရ ကိုယ်စားလှယ်များ နှင့် Resource persons များနှင့် NCS အဖွဲ့သားများမှ တစ်ဦးချင်း မိတ်ဆက် ခဲ့ကြပါသည်။

### ၇.၃။ MEITI ၏ နောက်ခံသမိုင်းကြောင်းအား ရှင်းလင်းတင်ပြခြင်း (ဦးဆန်းဝင်း၊ Deputy Director of MOBD)

ဦးဆန်းဝင်းမှ မြန်မာနိုင်ငံEITIလုပ်ငန်းစဉ်၏ နောက်ခံသမိုင်းကြောင်းများကို ရှင်းလင်းတင်ပြရာတွင် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၁၂) ဖြင့် MEITI Leading Authority ကိုဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံ၏ EITI အဖွဲ့ဝင်လောင်းလျှောက်လွှာအား နိုင်ငံတစ်ကာ EITI ဘုတ်အဖွဲ့သို့ ပေးပို့ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁-၂ ရက်နေ့တွင် နိုင်ငံတကာ EITI ဘုတ်အဖွဲ့အစည်းအဝေးမှ မြန်မာနိုင်ငံကို ၄၅ နိုင်ငံမြောက် EITI အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် ကြေငြာခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး EITI အစီရင်ခံစာကို နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံးသို့ တင်ပြခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လတွင်

အစိုးရအပြောင်းအလဲတွင် ဖျက်သိမ်းခဲ့သည့် MEITI ဦးဆောင်ကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံတကာ EITI ဘုတ်အဖွဲ့သို့ ဒုတိယနှင့်တတိယအကြိမ် EITI အစီရင်ခံစာကို ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် တင်ပြခွင့်ပြုရန် ရက်တိုးလျှောက်ထားခဲ့ကြောင်း နှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။




ယင်းနောက် ၎င်းမှ ဘဏ္ဍာရေးနှစ်နှစ်စာပါဝင်သည့် ဒုတိယအကြိမ်အစီရင်ခံစာထွက်ရှိရန် စီစဉ်ထားသည့် အချိန်ဇယားအကြောင်း ထပ်မံရှင်းလင်းတင်ပြခဲ့ပြီး EITI လုပ်ငန်းစဉ်ကို ရေရှည်တည်တံ့စေရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၎င်းကိုဆောင်ရွက်ခြင်းအားဖြင့် အစိုးရပိုင်းအနေဖြင့် သယံဇာတစီမံ အုပ်ချုပ်ရေး ယန္တရားကောင်းမွန်လာခြင်း နှင့် ယုံကြည်မှုတိုးပွားမှုကိုဖြစ်စေကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း တည်ငြိမ်သော ရင်းနှီးမြှုပ်နှံမှုဆီသို့ ဦးတည်သွားစေကြောင်း နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အနေဖြင့်လည်း ဒေသခံအကျိုးစီးပွားကို တိုးပွားအောင် ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

၎င်းအပြင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် Corruption Perceptions Index အရ ၁၇၄ နိုင်ငံတွင် ၁၇၂ အဆင့်ရှိပြီး ၂၀၁၃ ခုနှစ်တွင် ၁၅၇ အဆင့်သို့ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရကြောင်း နှင့် တင်းပြည့်အဖွဲ့ဝင်လောင်းဖြစ်ခြင်း/မဖြစ်ခြင်းတို့တွင် ဖြစ်ပေါ်နိုင်သည့် အကျိုးဆက်များကို ရှင်းလင်းတင်ပြ ခဲ့ပါသည်။

### ၇.၄။ သယံဇာတအရင်းအမြစ်များစီမံခန့်ခွဲခြင်း နှင့် EITI လုပ်ငန်းစဉ်တွင် အစိုးရ၏ အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများ (ဦးဆလိုင်း)

ဦးဆလိုင်းမှ သယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲခြင်း နှင့် အီးအိုင်တီအိုင်လုပ်ငန်းစဉ်တွင် အစိုးရ၏ အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းရာတွင် မြန်မာနိုင်ငံသည် သယံဇာတများ (ကျောက်စိမ်း၊

ကျောက်မျက်၊ ရွှေ၊ ငွေ၊ ကြေး နှင့် သစ်တော) အလွန်ပေါများကြွယ်ဝသော်လည်း သယံဇာတနှင့် အရင်းအမြစ်များ ဘယ်လိုပုံစံနဲ့ရှိနေသလဲ၊ ဘယ်လောက်ပမဏအထိ ရှိသလဲ၊ ဘယ်နေရာတွေမှာရှိသလဲ တို့ကို တွင်းထွက်ပစ္စည်းများနှင့် စပ်လျဉ်းပြီး သိပ်မသိရှိသေးကြောင်း၊ သဘာဝအရင်းအမြစ်များ ထုတ်ရောင်းနေသော နိုင်ငံအများစုသည် GDP ဖွံ့ဖြိုးတိုးတက်မှုမရှိသည်ကို တွေ့ရကြောင်း၊ သဘာဝသယံဇာတ အရင်းအမြစ်များ ရှိခြင်းသည် ပိုမိုကောင်းမွန်လာစေသလား၊ ပိုမိုဆိုးဝါးသွားစေမည်လားကို ကြည့်မည်ဆိုလျှင် ကောင်းမွန်စွာ စီမံခန့်ခွဲမှုမရှိလျှင် သယံဇာတမကြွယ်ဝသော နိုင်ငံများထက် ဖွံ့ဖြိုးတိုးတက်မှု ၄ ဆလောက်နောက်ကျ သွားသည်ကို လေ့လာမှုများအရ တွေ့ရကြောင်း၊ သဘာဝသယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲရာတွင် အစိုးရပိုင်း၏ အခန်းကဏ္ဍသည် အရမ်းအရေးကြီးကြောင်း၊ အစိုးရပိုင်းအနေဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများချမှတ်ခြင်း၊ အုပ်ချုပ်ရေးပိုင်းအနေဖြင့် လုပ်ပိုင်ခွင့်များ ချထားပေးခြင်း၊ ယင်းတို့အတိုင်း လိုက်နာအောင် ထိန်းချုပ်နိုင်ခြင်း၊ ကြီးကြပ်ခြင်း၊ အခွန်အခများကောက်ယူခြင်း နှင့် လိုအပ်သည့် နေရာများတွင် ပြန်လည်သုံးစွဲခြင်းစသည်တို့ကို ဆောင်ရွက်ရသည့်အတွက် အရေးကြီးကြောင်း၊ အချို့နိုင်ငံများတွင် အစိုးရသည် ထိန်းချုပ်သည့်အပိုင်းတွင်သာ ပါဝင်သော်လည်း အချို့နိုင်ငံများတွင် အစိုးရသည် စီးပွားရေးလုပ်ငန်းများတွင် ပါပါဝင်ကြောင်း ၊ ဥပမာ မြန်မာနိုင်ငံတွင် နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများ အများအပြားရှိကြောင်း၊ ယင်းအတွက် သယံဇာတစီမံအုပ်ချုပ်မှုကဏ္ဍတွင် ပို၍ အရေးကြီးကြောင်း၊ တာဝန်ယူမှုအပိုင်းပါ ပါလာကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။




ကောင်းမွန်သော သယံဇာတစီမံအုပ်ချုပ်ခြင်းသည် အခြေခံနေဖြင့် အရေးကြီးကြောင်း၊ သယံဇာတအရင်း အမြစ်များ၏ တန်ဖိုးကွင်းဆက်ဟု ဆိုရာတွင် လိုင်စင်ချပေးခြင်း၊ ထုတ်လုပ်မှု နှင့် ကြီးကြပ် စစ်ဆေးခြင်း (ဘယ်လိုပုံစံနဲ့ထုတ်လုပ်မလဲ)၊ အစိုးရမှ ရရှိနိုင်သည့် ဝင်ငွေကောက်ခံခြင်းအပိုင်း၊ ရရှိလာသည့် ဝင်ငွေ၊ အခွန်အခ ခွဲဝေခြင်းအပိုင်းကို ဘယ်လိုဆောင်ရွက်နေသလဲ နှင့် ဘယ်လိုသုံးစွဲပြီး စီမံခန့်ခွဲနေသလဲတို့ကို ထည့်သွင်းတွက်ချက်ရန် လိုအပ်ကြောင်း နှင့် သဘာဝသယံဇာတ စီမံခန့်ခွဲဆုံးဖြတ်ချက်ချသည့်

ကွင်းဆက်တွင် ကောင်းမွန်စွာ စီမံခန့်ခွဲသည့် အခြေခံကောင်းများရှိရန် လိုအပ်နေကြောင်း၊ ယင်းတို့အတွက် ဘယ်နေရာတွင် သယံဇာတများရှိနေသလဲ ရှာဖွေခြင်း၊ ထုတ်သင့်မထုတ်သင့် ဆုံးဖြတ်ခြင်း၊ ယင်းတို့ကို ထုတ်ရောင်းလျှင်လည်း တန်ဖိုးအတိုင်းရရှိခြင်း၊ ရရှိလာသည့် သယံဇာတဝင်ငွေများကိုလည်း ကောင်းမွန်စွာစီမံခန့်ခွဲခြင်း နှင့် ယင်းတို့ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်နိုင်သည့်နေရာများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံရန် အရေးကြီးကြောင်း၊ ၂၀၁၇ ခုနှစ်၏ Resource Governance Index အရ မြန်မာနိုင်ငံသည် ၈၉ နိုင်ငံတွင် ၈၃ အဆင့်ရှိကြောင်း၊ ၂၀၁၆ ခုနှစ်၏ corruption perception index အရ မြန်မာနိုင်ငံသည် ၁၇၆ နိုင်ငံတွင် ၁၃၆ အဆင့်တွင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

EITI ဆိုသည်မှာ သဘာဝသယံဇာတများ စီမံအုပ်ချုပ်မှုဆိုင်ရာ ပွင်းလင်းမြင်သာမှုနှင့် တာဝန်ယူမှု/ တာဝန်ခံမှုဆိုင်ရာကို တွန်းအားပေးသော နိုင်ငံတစ်ကာ စံချိန်စံညွှန်းတစ်ခုဖြစ်သလို အစိုးရနှင့် ကုမ္ပဏီများ၏ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော စနစ်များကို အားကောင်းစေသည့် ယန္တရားတစ်ခု ဖြစ်ကြောင်း နှင့် EITIကို အကောင်အထည်ဖော်ခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ အကြောင်း ကိုရှင်းလင်းခဲ့ပါသည်။ ယင်းအပြင် ၎င်းမှ EITIသည် သဘာဝအရင်းအမြစ် တန်ဖိုးထုတ်လုပ်မှု အဆင့်ဆင့်အတွက် ဆွေးနွေးမှုများဖြစ်ပေါ်စေခြင်း နှင့် ကျယ်ပြန့်သော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ အတွက်လည်း အထောက်အကူပြုသည့်အပြင် အစိုးရမှ ဆောင်ရွက်ပါမည်ဟု ကတိကဝတ် ပြုထားသည့် သုံးပွင့်ဆိုင်လုပ်ငန်းစဉ် တစ်ခုဖြစ်သည့်အတွက် အစိုးရပိုင်းမှ ဦးဆောင်ရန် အလွန်အရေးကြီးကြောင်း၊ အစီရင်ခံစာထွက်ရှိမှုသည်သာ အရေးကြီးသည်မဟုတ်ဘဲ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် အလွန် အရေးကြီးကြောင်း၊ ရရှိလာသည့် ကိန်းဂဏန်းမျာသည်လည်း အရည်အသွေးမှီရန် နှင့် အစီရင်ခံစာကို အချိန်မှီ ထွက်ရှိရန် အလွန်အရေးကြီးကြောင်း ရှင်းလင်းခဲ့ပါသည်။

EITI လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုကို အခြေခံပြီး အစီရင်ခံစာထွက်ရှိရုံသာမဟုတ်ဘဲ ယင်းမှတစ်ဆင့် ပြုပြင်ပြောင်းလဲမှုများ အများအပြားဆောင်ရွက်နိုင်သည်ဖြစ်ကြောင်း၊ သယံဇာတစီမံ အုပ်ချုပ်မှုကို ကောင်းမွန်လာစေကြောင်း၊ EITI လုပ်ငန်းစဉ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းအားဖြင့် ကိန်းဂဏန်းအချက်အလက် များကို တစ်နေရာတည်းတွင် စုစည်းထားနိုင်ခြင်း၊ သုံးပွင့်ဆိုင်ကဏ္ဍပါဝင်သည့်အတွက် ညှိနှိုင်းဆောင်ရွက်နိုင်မှု တိုးတက်လာခြင်း နှင့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ကဏ္ဍများတွင် ပြုပြင် ပြောင်းလဲမှုများဖြစ်ပေါ်လာခြင်းတို့ဖြစ်စေကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ယင်းနောက်၎င်းမှ အပြောင်းအလဲတွင်အခက်အခဲများ အများအပြားရှိမည်ဖြစ်ကြောင်း နှင့် EITI အစီရင်ခံစာ များတွင်ပါဝင်သည့် အကြံပြုချက်များအပေါ် အခြားနိုင်ငံများ၏ လိုက်နာဆောင်ရွက်နိုင်မှုများအား ရှင်းလင်း တင်ပြခဲ့ပါသည်။

ထို့နောက်၎င်းမှ EITI လုပ်ငန်းစဉ်ကို အစိုးရကိုယ်တိုင်ဦးဆောင်၍ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်လျှင် အောင်မြင်နိုင်ကြောင်း၊ "ပွင့်လင်းမြင်သာ တာဝန်ယူပါ" ဆိုသည့် EITI ဆောင်ပုဒ်အတိုင်း ပွင့်လင်းစွာ၊ တာဝန်ယူမှုရှိစွာဖြင့် EITI လုပ်ငန်းစဉ်ကို အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ကြောင်း ပြောကြားခဲ့ပါသည်။

### ၇.၅။ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်း


ယင်းနောက် တက်ရောက်လာသူများ စုပေါင်း၍ အမှတ်တရဓါတ်ပုံ ရိုက်ကူးခဲ့ကြပါသည်။

### ၇.၆။ EITI အစီရင်ခံစာအချိန်ဇယား နှင့် အဆင့်များအကြောင်း ရှင်းလင်းတင်ပြခြင်း (ဒေါ်ခင်စောဌေး၊ NRGI)

ဒေါ်ခင်စောဌေး မှ EITI အစီရင်ခံစာ၏ အချိန်ဇယား နှင့် အဆင့်များကို ရှင်းလင်းရာတွင် EITI ပထမအကြိမ်အစီရင်ခံစာကို ၂၀၁၆ ခုနှစ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ကျောက်မျက်၊ သတ္တု နှင့် ရေနံ၊ သဘာဝဓါတ်ငွေ့တို့ပါဝင်၍ ထွက်ရှိခဲ့ကြောင်း၊ EITI တွင် အစိုးရ၊ ကုမ္ပဏီများမှ ကိန်းဂဏန်းအချက်အလက်များကို reconcile လုပ်ရကြောင်း၊ EITI တွင် third-party သည် independent ဖြစ်ရန်လိုအပ်ကြောင်း၊ EITI လုပ်ငန်းစဉ်တွင် အစိုးရ၏ ကတိကဝတ်ပြုမှုသည် အရေးကြီးသော်လည်း ယင်းကို အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ နှင့် အရပ်ဘက်အဖွဲ့အစည်းတို့ ပူးပေါင်း၍ အကောင်အထည်ဖော်ရကြောင်း၊ ပထမအကြိမ် EITI အစီရင်ခံစာ၏ scoping study တွင် production မပါသော်လည်း ဒုတိယအစီရင်ခံစာတွင် production အပိုင်းကို ထည့်သွင်းထားကြောင်း၊ EITI သည် အစီရင်ခံစာ အဆင့်သာမကဘဲ action အဆင့်အထိပါဝင်ကြောင်း၊ အချက်အလက်များကို အစိုးရဘက်မှ ရရှိသောကိန်းဂဏန်းများ နှင့် ကုမ္ပဏီဘက်မှ ရရှိသောကိန်းဂဏန်းများကို တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ကြောင်း၊ ပေးလိုက်သောကိန်းဂဏန်းအချက်အလက်များသည် မှန်ကန်ရန် အရေးကြီးကြောင်း နှင့် အစိုးရမှ ရရှိသော အခွန်ဘဏ္ဍာငွေ နှင့် ကုမ္ပဏီတို့မှ အစိုးရကို ပေးရသော အခွန်အခများသည် ထပ်တူညီရန် ခဲယဉ်းပြီး ထပ်တူညီနေခြင်းသည်လည်း မဖြစ်နိုင်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ယင်းနောက် အချက်အလက်များကောက်ယူခြင်းအဆင့်၊ ကိန်းဂဏန်းများ တိုက်ဆိုင်စစ်ဆေးခြင်းအဆင့်၊ ကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း နှင့် ကိန်းဂဏန်းအချက်အလက်များ ကွာဟခြင်းသည် ပြဿနာမဟုတ်ဘဲ ယင်းအတွက် EITI လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း နှင့် သယံဇာတစီမံအုပ်ချုပ်မှုကို ကောင်းမွန်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အများအပြား ဝင်ရောက်လာမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

မိမိနိုင်ငံတွင် သယံဇာတဘယ်လောက်ရှိသည်ကို သုတေသနလုပ်ထား၍ သိရှိနေရန် အရေးကြီးကြောင်း၊ extractive sector တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းနေသည်ကိုတွေ့ရကြောင်း၊ ပထမအစီရင်ခံစာအပေါ် အကြံပြုချက်များကို ဒုတိယအစီရင်ခံစာတွင် ထည့်သွင်းဆောင်ရွက်ပြီး ယင်းတို့ကို အများပြည်သူသိရှိအောင် ချပြမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။




နောက်ဆုံးအနေဖြင့် ၎င်းမှ EITI လုပ်ငန်းစဉ်ရှိ Secretariat အဖွဲ့၏ ဆောင်ရွက်ရမည့် အခန်းကဏ္ဍများအနေဖြင့် EITI စံနှုန်းများကို နားလည်သဘောပေါက်ရန်၊ IA၊ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ နှင့် အပြည်ပြည်ဆိုင်ရာအတွင်းရေးမှူးရုံးတို့နှင့် ချိန်ဆက်ဆောင်ရွက်ရန်၊ အစီရင်ခံစာတင်သွင်းသည့်လုပ်ငန်းအား အချိန်မီပြီးစီးရန်အတွက် စောင့်ကြည့်လေ့လာခြင်း နှင့် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သို့ တွေ့ရှိချက်များအား တင်ပြခြင်းတို့ဖြစ်ကြောင်း ပြောကြားခဲ့ပြီး EITI လုပ်ငန်းစဉ်သည် ရောဂါရှာဖွေပြီး ကုသခြင်းနှင့် တူကြောင်း၊ ရောဂါတွေ့ရှိပါက ကုသရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

## ၇.၇။ ပထမအကြိမ် EITI အစီရင်ခံစာအပေါ် အကြံပြုတိုက်တွန်းချက်များအား ရှင်းလင်းတင်ပြခြင်း (ဒေါ်တာရာမောင်)

ဒေါ်တာရာမောင်မှ ပထမအကြိမ်အစီရင်ခံစာအပေါ်မူတည်ပြီး အကြံပြုချက် ၁၄ ချက်ထွက်ရှိပြီး ဖြစ်သည့်အတွက် ယင်းအချက်များကို ထည့်သွင်းစဉ်းစားပြီး ဒုတိယအစီရင်ခံစာကို ထွက်ရှိနိုင်အောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း နှင့် သက်ဆိုင်ရာဌာနအလိုက် ယင်းအကြံပြုချက်များကို ထည့်သွင်းစဉ်းစားရန် အရေးကြီးကြောင်း နှင့် သက်ဆိုင်ရာဌာနအလိုက် ယင်းအကြံပြုချက်များ နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားပြီးသည့်အပိုင်းများကို ဆွေးနွေးပေးကြရန် ပြောကြားခဲ့ပါသည်။




ပထမအကြံပြုချက်ဖြစ်သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အစိုးရဌာန အဖွဲ့အစည်းများ၏ စာရင်းစစ် အစီရင်ခံစာကို အများပြည်သူသို့ ထုတ်ပြန်ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ အများပြည်သူ သိရှိနိုင်ရန် ပြည်ထောင်စုစစ်ရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာများကို ထုတ်ပြန်သင့်ကြောင်း နှင့် လိုအပ်သည့် လုပ်ထုံးလုပ်နည်း များကို ပြန်လည်သုံးသပ်ရန်၊ နှင့်စပ်လျဉ်း၍ ယခုနှစ်အတွက်လည်း ဆောင်ရွက်ထားနိုင်ခြင်း မရှိသေးသည်ကို တွေ့ရကြောင်း ရှင်းလင်းခဲ့ပါသည်။ ယင်းနောက် ၎င်းမှလိုအပ်ချက်များရှိပါက ဖြည့်စွက်ပြောကြားပေးရန် ပြောကြားခဲ့ပါသည်။

ဒုတိယအကြံပြုချက်ဖြစ်သည့် ကုမ္ပဏီဝင်ငွေခွန် ပေးဆောင်မည့် အခွန်ဆောင်ပြေစာများ ထုတ်ပေးမှု နှောင့်နှေး ကြန့်ကြာခြင်းတွင် ဝင်ငွေခွန်ဆောင်မှုများ ပြည်တွင်းအခွန်ဦးစီးဌာန၏ ငွေစာရင်းစနစ်သို့ ရောက်ရန်ကြာခြင်း၊ ငွေကြေးပေးသွင်းပြီး အနည်းဆုံး တစ်လခန့်ကြာမှ အခွန်ပြေစာရရှိတတ်ခြင်းတို့ကြောင့် အခွန်ပြေစာ ထုတ်ပေးသည့် အချိန်ကာလ ကြန့်ကြာမှုကို ပြန်လည်သုံးသပ်သင့်ရန် နှင့် လုပ်ငန်းခွင်အားနည်းမှုကို ရှာဖွေဖော်ထုတ်ရန် နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်ဦးစီဌာနမှ ၃၁.၇.၂၀၁၇ ရက်နေ့တွင် စာအမှတ် ၂၀၂၄ ဖြင့်တင်ပြပြီးဖြစ်ကြောင်း၊ ကုမ္ပဏီဝင်ငွေခွန် ပေးဆောင်မည့် အခွန်ဆောင်ပြေစာများ ထုတ်ပေးမှု နှောင့်နှေး ကြန့်ကြာခြင်းနှင့် စပ်လျဉ်း၍ " *ဆရာ ဦးနေလင်းစိုး မှ IRD တွင် အခွန်ပြေစာမရှိကြောင်း၊ ချလန်ကိုသာ အခွန်ပြေစာအနေဖြင့် အသုံးပြုကြောင်း၊ နှောင့်နှေးကြန့်ကြာရခြင်း နှင့်စပ်လျဉ်း၍ ပထမဦးစွာ ကုမ္ပဏီ၏ ဝင်ငွေ ကြော်ငြာစာကို တင်ပြခိုင်းပြီး နှစ်ချုပ်စာရင်းများကို အခွန်မှူးများမှ စစ်ဆေးကြောင်း၊ တင်ပြလာသည့်စာရင်းများ စစ်ဆေးပြီး မမှန်ကန်ပါက information များပြန်လည် တောင်းယူရကြောင်း၊ စာရင်းပြည့်စုံလာပြီဆိုပါက တွက်ချက်ဖို့ အချိန်ယူရကြောင်း၊ အခွန်မှူးမှတွက်ချက်ပြီးပါက အဆင့်ဆင့်တင်ပြရကြောင်း၊ မှားယွင်းမှု အနည်းဆုံးဖြစ်အောင် စစ်ဆေးရကြောင်း၊ တွက်ချက်စစ်ဆေးပြီးပါက ကွန်ပျူတာထဲသို့ ထည့်သွင်းရကြောင်း၊*

*ယခင်က Manual ကိုအသုံးပြုကြောင်း၊ ၁.၄.၂၀၁၄ မှစတင်၍ ERTS ကွန်ပျူတာစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခု နောက်ပိုင်းတွင် ERTS စနစ်ဖြင့် မလုံလောက်တော့သည့်အတွက် IMF နှင့် World Bank တို့၏ အကူအညီဖြင့် ကွန်ပျူတာ software တစ်ခုကို အသုံးပြုနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းအားဖြင့် အချိန်ကြန့်ကြာမှုနည်းသထက်နည်းအောင် ဆောင်ရွက်နေကြောင်း၊ စာရင်းပြည့်စုံ၊ တွက်ချက်မှုပြီး၍ ကွန်ပျူတာထဲထည့်ခြင်း၊ စိစစ်မှုအားလုံး မှန်ကန်ပြီး အကုန်လုံးပြီးစီးပါက ချလန် သုံးပိုင်း ပါသော အခွန်ငွေကို အခွန်ထမ်းကို ပေးကြောင်း၊ အခွန်ရုံးမှ ချလန်တစ်စောင်၊ အခွန်ထမ်းမှ ချလန်တစ်စောင် နှင့် ဘဏ်မှ ချလန်တစ်စောင် ယူကြောင်း၊ မတ်လတွင် ကုမ္ပဏီများအနေဖြင့် အခွန်ကို စုပြုံ၍ သွင်းကြကြောင်း၊ ကုမ္ပဏီမှ အခွန်သွင်းမည်ပြောလျှင် အခွန်ဦးစီးဌာနမှ လိုအပ်သည့်အချက်အလက်များကို တောင်းကြောင်း၊ ၎င်းတို့မှ မပေးနိုင်လျှင် ကြန့်ကြာသွားကြောင်း၊ ကုမ္ပဏီများမှ မတ်လ ၂၉ ၊ ၃၀ လကုန်ခါနီးမှ ကပ်၍ ပေးသောကြောင့် အခွန်ဦးစီးဌာနအနေဖြင့် ၎င်းတို့ဆီမှ စာရင်းဇယားမစုံလျှင် ကြိုးကြပ်၍ မရကြောင်း နှင့် ပြန်တောင်းခြင်းအားဖြင့် ဧပြီလသို့ရောက်သွားကြောင်း၊*

တတိယအကြံပြုချက်ဖြစ်သည့် အစီရင်ခံစာ တင်သွင်းသည့် အချိန်သတ်မှတ်ချက်များတွင် ကုမ္ပဏီ (၄) ခုနှင့် အစိုးရဌာန (၂) ခုဖြစ်သည့် ပြည်တွင်းအခွန်များဦးစီးဌာန နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တင်သွင်းရာတွင် နောက်ကျသောကြောင့် ကြိုတင်စီမံပြင်ဆင်ရန် နှင့်စပ်လျဉ်း၍

*ဆရာ ဦးနေလင်းစိုးမှ အစီရင်ခံစာနောက်ကျခြင်းနှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်ဦးစီဌာနအတွက် အတွေ့အကြုံ မရှိသေးဘဲ ပထမဦးဆုံးအကြိမ်ဆောင်ရွက်ရခြင်းဖြစ်ခြင်း နှင့် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၈၉ အရ အစိုးရကိစ္စမှလွဲ၍ ကုမ္ပဏီများ၏ အချက်အလက်များကို ပေးခွင့်မရှိကြောင်းပါသည့်အတွက် ရှေ့.နေချုပ်ရုံး၏ သဘောထား မှတ်ချက်ကို တောင်းယူရကြောင်း၊ ဝန်ကြီးဌာနမှတစ်ဆင့် ရှေ့နေချုပ်ရုံး သို့ရောက်ရှိပြီး ရှေ့နေချုပ်ရုံး၏ ခွင့်ပြုချက်ရရှိပြီး ဝန်ကြီးဌာနသို့ ရောက်ရှိသည့်အတွက် နောက်ကျသွားရခြင်း ဖြစ်ကြောင်း နှင့် ယခုနှစ်တွင် ယင်းသို့မဖြစ်စေရန် ကြိုတင်ဆောင်ရွက်ထားကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။*

ထို့နောက် ဒေါ်တာရာမောင်မှ ရှင်းလင်းဖြေကြားပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း နှင့် ယခုနှစ်အတွက် အစီရင်ခံစာအကြံပြုချက်များ ထွက်ရှိလာပါက သက်ဆိုင်ရာဌာနများအနေဖြင့် သေချာဖတ်ရှုပေးကြပါရန် နှင့် ယင်းတို့သည် အရေးကြီးကြောင်း၊ ဌာနများအနေဖြင့် မှားယွင်းနေသည့် အကြံပြုချက်များ နှင့် ဌာန၏ ဆောင်ရွက်ချက်များ နှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိပါက ခိုင်လုံသောအကြောင်းပြချက်များ၊ ဖြေရှင်းချက်များ ဖြင့် ပြန်လည်ရှင်းလင်းနိုင်ပြီး အကြံပြုချက်များတွင် ပါဝင်မည်မဟုတ်ကြောင်း နှင့် ၎င်းအနေဖြင့်လည်း အစီရင်ခံစာ(အကြမ်း) ထွက်လာပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ပေးပို့မည်ဖြစ်သလို သုံးပွင့်ဆိုင် ညွန့်ပေါင်း အဖွဲ့ဝင်များသို့လည်း ချပြမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

အစီရင်ခံစာ တင်သွင်းသည့် အချိန်သတ်မှတ်ချက်များတွင် အကောက်ခွန်ဦးစီးဌာနမှ တင်သွင်းရာတွင် နောက်ကျသောကြောင့် ကြိုတင်စီမံပြင်ဆင်ရန်ဆိုသည့် အကြံပြုချက်နှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးမှ " *အကောက်ခွန်ဌာနအနေဖြင့် ပထမဦးဆုံးအတွေ့အကြုံဖြစ်နေခြင်း နှင့် အချက်အလက်များကို အချိန်မီပေးနိုင်ရန် ကြိုးစားခဲ့သော်လည်း MOGE နှင့်စပ်လျဉ်း၍ စာရင်းဇယားကွာဟမှု ရှိခဲ့သည့်အတွက် နောက်ကျသွားကြောင်း၊ အချက်အလက်များသွင်းရာတွင် manual ဖြစ်သောကြောင့်*

*များယွင်းသွားခြင်းလည်း ဖြစ်နိုင်ကြောင်း၊ ယခုအချိန်တွင် online system ဖြင့်သွားနေခြင်းဖြစ်သောကြောင့် ပို၍ အဆင်ပြေကြောင်း၊ ဒုတိယအကြိမ်အစီရင်ခံစာသည် ၂ နှစ်စာဖြစ်သလို သစ်တောကဏ္ဍတို့ ပါဝင်လာသည့် အတွက် တွေ့ကြုံရမည့်အခက်အခဲများရှိနိုင်ကြောင်း၊ ယင်းအတွက် ဘယ်ကဏ္ဍတွေအတွက် လိုချင်သည့်ပုံစံကို format နှင့်ထုတ်ပေးနိုင်လျှင်ကောင်းမွန်ကြောင်း၊ ထိုသို့ဆိုလျှင် database ကြိုတင်ပြင်ဆင်ထားခြင်းအားဖြင့် လာမည့်နှစ်အစီရင်ခံစာများအတွက် အချိန်မီ လွယ်ကူစွာပြီးစီး နိုင်ကြောင်း ပြောကြားခဲ့ပါသည်။*

ဒေါ်တာရာမောင်မှ ယခုလိုဖြေကြားပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း နှင့် ၂၀၁၅ ခုနှစ်တွင် ကွန်ပျူတာ စနစ်ကို ဌာနအတော်များများတွင် ကျင့်သုံးကြပြီဖြစ်သော်လည်း ၂၀၁၄ ခုနှစ်တွင် manual ဆောင်ရွက်ထား ခဲ့ပြီး ယင်းကိုလည်း ဒုတိယအစီရင်ခံစာတွင် ၂ နှစ်စာဖြစ်သည့်အတွက် ထည့်သွင်းရမည်ဖြစ်သောကြောင့် အခက်အခဲဖြစ်နိုင်သဖြင့် ကြိုတင်စဉ်းစားထားရန် လိုအပ်ကြောင်း နှင့် ဒုတိယအစီရင်ခံစာတွင် ပုလဲကဏ္ဍ နှင့် သစ်တောကဏ္ဍတို့ ထပ်တိုးပါဝင်လာကြောင်း ရှင်းလင်းခဲ့ပါသည်။

အကြံပြုချက် နံပါတ်လေးအရ အနာဂတ် EITI နယ်ပယ်တွင် စာရင်းတိုက်ဆိုင်စစ်ဆေးစဉ်ကာလအတွင်း ထုတ်လုပ်မှုကို ထည့်သွင်းရန်၊ Gem & Jade မှ ကျောက်မျက်ရတနာပြပွဲသာမက အခွန်ဘဏ္ဍာငွေ အားလုံးထည့်သွင်းရန်၊ ပထမအစီရင်ခံစာတွင် သတ္တု၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ (၁၀၀ ရာခိုင်နှုန်း)၊ ကျောက်မျက်တို့ပါဝင်ခဲ့သည့်အတွက် နယ်ပယ်ချဲ့ထွင်ရန်၊ ရေအားလျှပ်စစ်၊ သစ်တော၊ ငါးလုပ်ငန်းများအား လေ့လာရန်၊ ကုမ္ပဏီမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသို့ သွင်းသည့် အခွန်အခနှင့် နိုင်ငံပိုင်မှ ဘဏ္ဍာရေး ဝန်ကြီးဌာနသို့ ပေးသွင်းသော အခွန်အခများကို စာရင်းဇယား နှင့် တိုက်ဆိုင်စစ်ဆေးရန်၊ Material Thresholds ပမာဏကို လျော့ချရန်၊ ကျောက်မျက်၊ ကျောက်စိမ်း နှင့် အခြားသတ္တုများအတွက် အခြားသင့်လျော်သည့် အရည်အချင်း သတ်မှတ်ချက်များကိုပါ ထည့်သွင်းစဉ်းစားရန်၊ ရေနံ၊ သဘာဝဓါတ်ငွေ့ များအတွက် ပိုက်လိုင်းဖြတ်ခ ဝင်ငွေများကိုပါ ထည့်သွင်းရန်၊ ကုမ္ပဏီများမှ CSR ကို ဖော်ပြရာတွင် လုံးပေါင်းဖြင့် ဖော်ပြလျက်ရှိသောကြောင့် ယင်းအတိုင်းမဟုတ်လဲ စီမံကိန်းလုပ်ကွက်အလိုက် ဖော်ပြရန်ပါဝင် ကြောင်း နှင့် ယခုနှစ်တွင် သစ်တောကဏ္ဍကိုထည့်သွင်းနိုင်ခဲ့ခြင်းကြောင့် တိုးတက်မှုတစ်ခု ဖြစ်ကြောင်း နှင့် ပိုက်လိုင်းဖြတ်သန်းခ နှင့် CSR ကိစ္စတို့နှင့်စပ်လျဉ်း၍ ယခုနှစ်တွင် ပြင်ဆင်ထားသည်များကို ဆွေးနွေးပေး ကြပါရန် ပြောကြားခဲ့ပါသည်။

*စွမ်းအင်ကဏ္ဍမှ ပိုက်လိုင်းဖြတ်သန်းသည့် ကုမ္ပဏီ ၄ ခုရှိကြောင်း၊ Total, Petro net, PPT နှင့် Shwe တို့ဖြစ်ပြီး ပိုက်လိုင်းဖြတ်သန်းခအနေဖြင့် ကျန်သည့်ကုမ္ပဏီ သုံးခုလုံးအတွက် ပါဝင်သော်လည်း ရွှေပိုက်လိုင်းဖြတ်သန်းခ သည် ၂၀၁၃-၂၀၁၄ ခုနှစ်မှ gas ကိုစပေးသည့်အတွက် စာရင်းအချက်အလက်များ မပြည့်စုံသေးသောကြောင့် ထည့်သွင်း မထားခြင်းဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။*

*ယင်းတို့အတွက် CSR ကို နှစ်တိုင်းဆောင်ရွက်၍ အများပြည်သူသိရှိအောင် စာအုပ်ထွက်ရှိကြောင်း နှင့် ဒေါ်တာရာမောင်မှ အကြံပြုချက်အရ CSR အတွက် ကဏ္ဍအလိုက်ဖော်ပြရန် လိုအပ်ကြောင်း ပြောကြားခဲ့ ပါသည်။*

အကြံပြုချက် နံပါတ်ငါးဖြစ်သည့် အန္တိမအကျိုးအမြတ်ရရှိမှု နှင့်စပ်လျဉ်း၍ အီးအိုင်တီအိုင်စံနှုန်းအရ ပါဝင်ရခြင်း ဖြစ်ပြီး ယင်းကိုနိုင်ငံတိုင်းမှ အမိဟွာယ် ဖွင့်ဆိုရပြီး ၂၀၂၀ ခုနှစ်တွင် နိုင်ငံတိုင်းမှ ထည့်သွင်း ဆောင်ရွက်ရ

မည်ဖြစ်ကြောင်း၊ BO consultant ကို ငှားရန်းစီစဉ်နိုင်ကြောင်း၊ ၎င်းမှ မြန်မာနိုင်ငံနှင့် ကိုက်ညီသည့်၊ ဥပဒေများနှင့် ကိုက်ညီသည့် BO အဓိပ္ပာယ်ကို ဖွင့်ဆိုမည်ဖြစ်ပြီး အစီရင်ခံစာတင်သွင်းသည့် အချိန်မီစေရန်အတွက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့များ၏ သဘောတူညီချက်ဖြင့် BO အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြိုတင်ဖွင့်ဆိုထားခဲ့ကြောင်း၊ ဒုတိယအစီရင်ခံစာတွင် Beneficial Ownership သည် template တစ်ခုအဖြစ်ပါဝင်လာမည်ဖြစ်ကြောင်း နှင့် beneficial ownership (BO) အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းလင်းခဲ့ပါသည်။

ယင်းနောက် politically exposed person (PEP) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရှင်းလင်းခဲ့ပြီး domestic PEPs၊ Foreign PEPs နှင့် နိုင်ငံတစ်ကာအဖွဲ့အစည်းများ၏ PEPs တွင်ပါဝင်နိုင်သည့် သူများအနေဖြင့် မည်သည့်အဆင့်ရှိရမည်ကို ရှင်းလင်းခဲ့ပါသည်။

အကြံပြုချက်နံပါတ်ခြောက်ဖြစ်သည့် တပ်မတော်မှ ကျောထောက်နောက်ခံပြုထားသည့် ကုမ္ပဏီကြီးများကိစ္စ နှင့်စပ်လျဉ်း၍ တပ်မတော် ကျောထောက် နောက်ခံပြု ကုမ္ပဏီကြီးများ၏ ဝင်ငွေ၊ ထွက်ငွေ တို့ကို ပွင့်လင်းစွာဖော်ပြရန် နှင့် ယင်းဝင်ငွေကို ဘယ်နေရာတွေမှာ အသုံးချနေသလဲကို ပွင့်လင်းစွာဖော်ပြရန် နှင့်စပ်လျဉ်း၍ ယင်းကုမ္ပဏီကြီးများအနေဖြင့် ဘယ်လောက်အတိုင်းအတာအထိဆောင်ရွက်ပြီးပြီလဲကို မသိရှိကြောင်း နှင့် လာမည့် MSG meeting မှ စ၍ ၎င်းတို့ကိုဖိတ်ကြားပြီး ယင်းအကြံပြုချက်နှင့်အညီ ဘယ်လောက်ဆောင်ရွက်နိုင်သလဲကို ဆွေးနွေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အကြံပြုချက်နံပါတ် ၇ အရ တွင်းထွက်သယံဇာတများ ထုတ်ယူသည့် လုပ်ငန်းများနှင့် ပတ်သက်သည့် စာရင်းအင်းနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းတွင် တရားဝင်ထုတ်ပြန်ပေးရန်လိုအပ်သည့် သတင်းအချက်အလက်များ နှင့် လက်ရှိတွင် စာရင်း၊ သတင်း အချက်အလက်အားလုံးကို စုစည်းထားသော Database မရှိသည့်အတွက် စာရင်းကွဲပြားမှုရှိနေကြောင်း၊ ဆက်စပ်သတင်း အချက်အလက်များကို တစ်နှစ်တစ်ကြိမ် ပုံနှိပ်ထုတ်ဝေသင့်ကြောင်း နှင့်စပ်လျဉ်း၍ သတ္တုတွင်းဦးစီးဌာနတွင် Mining Cadastre ကို စတင်ဆောင်ရွက်နေကြောင်း၊ လိုချင်သည့် သတင်းအချက်အလက်များကို လွယ်ကူစွာရရှိနိုင်ရန်အတွက် ပထမအစီရင်ခံစာ၏ အကြံပြုချက်များနှင့် အညီဆောင်ရွက်လျက်ရှိကြောင်း ။ အခြားဌာနများအနေနှင့်လည်း ဆောင်ရွက်ထားပါက ပြောပြပေးစေချင်ကြောင်း နှင့် ယင်းတို့ကို အစီရင်ခံစာထဲတွင် ထည့်သွင်းနိုင်သည့် အခွင့်အလမ်းရှိကြောင်း ရှင်းလင်းခဲ့ပါသည်။

အကြံပြုချက်နံပါတ် ၈ အရ လိုင်စင်များ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်မှတ်ပုံတင်စနစ် (သို့) ၊ EITI အစီရင်ခံစာပါ ကုမ္ပဏီ များ၏ အချက်အလက်များပါသော မှတ်ပုံတင်စနစ်တစ်ခုရှိရန်လိုအပ်ကြောင်း နှင့် အားနည်းချက်များအနေဖြင့် အင်တာနက်မှ ကြည့်ရှုရန် အခြေအနေမရှိခြင်း၊ လုပ်ပိုင်ခွင့် လွှဲပြောင်းခြင်းများကို ကွန်ပျူတာစနစ်တွင် ထိန်းသိမ်းထားခြင်းမရှိခြင်း၊ စာရွက်ကိုသာ အခြေခံသော စနစ်ဖြစ်ခြင်း နှင့် လိုင်စင်များ၏ နံပါတ်စဉ်ပေးသည့်စနစ်တွင် စနစ်တကျ ကြိုတင်နံပါတ်များ ဖြင့် သတ်မှတ်ထားခြင်းမရှိသည်ကိုတွေ့ရကြောင်း နှင့် လိုင်စင်ဆိုင်ရာ မှတ်ပုံတင်ခြင်းစနစ်ကို ဆောင်ရွက်ရန် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို အကြံပြုထားကြောင်း၊ ယင်းအတွက် ယခုနှစ်တွင်

ဆောင်ရွက်နေသလား ဆွေးနွေးပေးရန် ပြောကြားခဲ့ပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားခြင်း မရှိသေးကြောင်း တွေ့ရပါသည်။

အကြံပြုချက်နံပါတ် ၉ အရ အခွန်စည်းကြပ်နံပါတ် ထားရှိရန် အကြံပြုထားကြောင်း နှင့် ယင်းအတွက် ဘယ်လိုဆောင်ရွက်နေသလဲ မေးမြန်းရာ FCS စနစ်အရ ကုမ္ပဏီများကို ၉ လုံးပါသည့် တင်နံပါတ် ထုတ်ပေးကြောင်း၊ MPO ၁ နှင့် ၂ တို့တွင် ၂၀၁၅-၁၆ ခုနှစ်၌ စတင်ဆောင်ရွက်နေကြောင်း၊ အခွန်စည်းကြပ် စနစ်ကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အကြံပြုချက်နံပတ် ၁၀ အရ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးစာရင်း (ဘတ်ဂျက်) ကျယ်ပြန့်မှုနှင့် ပွင့်လင်းမြင်သာမှုအပိုင်းတွင် ငွေသားအနေဖြင့် (သို့) ငွေကြေးမဟုတ်သည့် အကူအညီများဖော်ပြသင့်ကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တွင်းထွက်သယံဇာတ တူးဖော်ရေးမှ ရရှိသည့်ဝင်ငွေကို သီးခြားဖော်ပြ ထားခြင်းမရှိသည်ကိုတွေ့ရကြောင်း နှင့် EITI စံနှုန်းလိုအပ်ချက် ၃.၆ အရအခြားငွေစာရင်းများကို ဖော်ပြရန် နှင့်စပ်လျဉ်း၍ ဆွေးနွေးပေးပါရန် ပြောကြားခဲ့ပါသည်။

*စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၁၅-၁၆ ခုနှစ်မှစတင်၍ citizen budget ကို စတင် ဆောင်ရွက်ခဲ့ကြောင်း၊၂၀၁၅-၁၆၊ ၂၀၁၆-၁၇ နှင့် ၂၀၁၇-၁၈ နှစ်စာအတွက် citizen budget ကိုထုတ်ပြန်ပြီးခဲ့ကြောင်း၊ International Budget Partnership အရ ဘက်ဂျက်ပွင့်လင်းမြင်သာမှု ရှိရေးအတွက် စာစောင် ရှစ်စောင်ကို အစိုးရမှ ပြည်သူသို့ထုတ်ပြန်ရန်ရှိကြောင်း၊ ယင်းတွင် citizen budget လည်းပါဝင်ကြောင်း၊ အစိုးရမှ ဘက်ဂျက်မရေးဆွဲခင် အဆိုပြုချက် statement ကိုထုတ်ပြန်ရခြင်း၊ အစိုးရသည် budget statement ကို လွှတ်တော်သို့ထုတ်ပြန်ရခြင်း၊ ၃ လပတ်၊ ၆ လပတ် နှင့် နှစ်ပတ်လည် ဘက်ဂျက် statement များထုတ်ပြန်ရခြင်း နှင့် ဘက်ဂျက် ဥပဒေ နှင့် စာရင်းစစ်အစီရင်ခံစာတို့ကို ထုတ်ပြန်ရခြင်း၊ ယင်းတို့ကို website ပေါ်တွင်တင်ထားကြောင်း နှင့် စာအုပ် ထုတ်ပြန်ထားကြောင်း၊၂၀၁၇-၁၈ ခုနှစ်စာအတွက်၂၀၁၅-၁၆ မှစ၍ ဝန်ကြီးဌာနများ၏ ပြည်ပအကူအညီငွေများ နှင့် ချေးငွေတို့မှ ဖယ်ရှားပြီး သီးခြားဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။*

အကြံပြုချက်နံပတ် ၁၁ ဖြစ်သည့် EITI အစီရင်ခံစာ တင်ပြခြင်း လုပ်ထုံးလုပ်နည်းများကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ခြင်းတွင် EITI အစီရင်ခံစာ တင်သွင်းမှုဆိုင်ရာနှင့် ပတ်သတ်သည့် ဝတ္တရားများ၊ လုပ်ငန်းစဉ် များအား ကျယ်ပြန့်စွာ ဖော်ပြရန် နှင့် လက်ရှိ ကျင့်သုံးနေသော ဥပဒေများနှင့် လိုက်လျောညီထွေရှိစေမည့် EITI ဥပဒေအား ရေးဆွဲနိုင်ရန်အတွက် တွန်းအား ပေးဆောင်ရွက်ရန် နှင့်စပ်လျဉ်း၍ ယခုလက်ရှိအထိတော့ EITI ကို ဥပဒေအနေဖြင့် ဆောင်ရွက်ရန် စတင်ခြင်းမရှိသေးကြောင်း နှင့် နိုင်ငံအကြီးအကဲနှင့်လွှတ်တော်အမတ်များအား အကြံပြုထားခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

အကြံပြုချက်နံပါတ် ၁၂ ဖြစ်သည့် လိုင်စင်များ ခွဲဝေချထားပေးခြင်းတွင် လိုင်စင်ချထားပေးသော လုပ်ငန်းစဉ်အား ပြန်လည်သုံးသပ်ရန် နှင့် ပွင့်လင်းမြင်သာမှုရှိရန် နှင့် စပ်လျဉ်း၍ လိုင်စင်ချထားပေးသည့် ဌာနများအနေဖြင့် ဘာတွေဆောင်ရွက်ပြီးလဲဆွေးနွေးစေချင်ကြောင်း ပြောကြားခဲ့ရာ *"လိုင်စင်ချထားပေးခြင်း နှင့်စပ်လျဉ်း၍ သတ္တုကဏ္ဍ အနေနှင့် မြန်မာ့သတ္တုတွင်း ဥပဒေအပိုဒ် ၂၅ (က) အရ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စမ်းသပ်လိုက်နာဆောင်ရွက်ပါက ထုတ်လုပ်ခွင့် လိုင်စင်ထုတ်ပေးရကြောင်း၊*

*စမ်းသပ်ထုတ်လုပ်ခွင့်တောင်းခံရာတွင်လည်း ဝန်ကြီးဌာနမှ ပထမဦးစွာ အခြားခွင့်ပြုမိန့်များနှင့် ငြိမငြိကို ကြည့်ရှုပြီး သက်ဆိုင်ရာ ပြည်နယ်၊တိုင်းရှိ ခရိုင်၊ မြို့နယ်များရှိ သစ်တော၊ ထွေအုပ်တို့၏ အကြံပြုချက် တောင်းခံကြောင်းနှင့် ယင်းတို့၏ထောက်ခံချက်၊ သဘောထားမှတ်ချက်များနှင့်အတူ ပြည်နယ်သို့ ထောက်ခံချက် တောင်းယူပြီးမှ ခွင့်ပြုချက်ပေးကြောင်း၊*

*လုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်မှစတင်၍ data-based စနစ်ဖြင့်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ လိုင်စင်နံပါတ်မရှိဘူးဆိုသည့် အကြံပြုချက်နနှင့်စပ်လျဉ်း၍ လိုင်စင်နံပါတ်ထုတ်ပေးကတည်းက လိုင်စင်နံပါတ် ရှိပြီးဖြစ်ကြောင်း၊ အမှတ်စဉ်အတိုင်းသွားကြောင်း၊ အသေးစား၊ အကြီးစား သူ့စနစ်နှင့်သူသွားကြောင်း၊ ၂၀၁၅ မေလမှစတင်၍ mining website တွင် ဝန်ကြီးဌာနဆောင်ရွက်ချက်များနှင့် လိုင်စင်ထုတ်ပေးမှုများကို update ဖော်ပြထားကြောင်း၊ online system ကိုလည်းသုံးစွဲနေပြီဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်နှင့် mining cadaster ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ သတ္တုဦးစီးဌာနအနေဖြင့် ၎င်းတို့နှင့် သက်ဆိုင်သည့် အကြံပြုချက်များ အတိုင်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့ပါသည်။*

အကြံပြုချက်နံပါတ်(၁၃)အရ ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေရေး စာချုပ်များ (PSCs) မှ လျှို့ဝှက်ချက် ဆိုင်ရာ ပြဌာန်းချက်များတွင် မြန်မာ့ရေနံ နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လုပ်ကိုင်သူတို့၏ လုပ်ငန်းများနှင့် ဆက်စပ်သည့် သတင်းအချက် အလက်များအား ထုတ်ပြန်ရန် ဟန့်တားထားသော ပြဌာန်းချက်များ ရှိနေသည် ကိုတွေ့ရကြောင်းဆိုသည့် အကြံပြုချက်နှင့်စပ်လျဉ်း၍

*မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့တွင် PSC သတင်းကို confidential အဖြစ်ဆောင်ရွက်ကြပြီး ပြည်သူလူထုသို့ ထုတ်ပြန်မပေးသော်လည်း အီးအိုင်တီအိုင် အစီရင်ခံစာအတွက် Special letter ဖြင့် ထုတ်ပြန်ပေးခဲ့ကြောင်း၊ ယင်းအတွက် EITI မှ ကြိုဆိုသော်လည်း ၎င်းတို့မှ အကြံပြုသည်မှာ ယင်းအချက်အလက်များရရှိရန်အတွက် special letter ထွက်ရှိရန်မလိုအပ်ဘဲ ထုတ်ပြန်ပေးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း၊ လက်ရှိရှိနေသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား ပြန်လည်သုံးသပ်သင့်ကြောင်းကို အကြံပြုထားသည်ကို တွေ့ရသည့်အတွက် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ဌာနမှ ပြုပြင်ပြောင်းလဲမှုများ၊ တိုးတက်မှုများရှိပါက ဆွေးနွေးပေးရန် ပြောကြား ခဲ့ပါသည်။*

*MOGE မှကိုယ်စားလှယ်တစ်ဦးမှ PSC နှင့်စပ်လျဉ်း၍ အရမ်းကန့်သတ်ထားခြင်းမဟုတ်ကြောင်း၊ Authorized person နှင့် အစိုးရအဖွဲ့များမှ ထုတ်ပြန်ရန် တောင်းဆိုလျှင်ပေးရကြောင်း၊ ကုမ္ပဏီများအနေဖြင့် စာချုပ်သက်တမ်းအတွင်း နိုင်ငံ၏ဥပဒေများကို လိုက်နာရကြောင်း၊ PSC နှင့်စပ်လျဉ်း၍ အရမ်းဟန့်တား ထားခြင်းတော့ မဟုတ်ကြောင်း၊ ရေးဆွဲထားသည့် ဥပဒေများတွင် ထည့်သွင်းနိုင်အောင်ကြိုးပမ်းနေကြောင်း နှင့် ဟန့်တားသည့်အဆင့်ထိတော့မဟုတ်ဘဲ ကန့်သတ်ထားခြင်းသာဖြစ်ကြောင်း နှင့် နိုင်ငံတစ်ကာအဆင့်မီအောင် ကြိုးပမ်းနေကြောင်း၊ ဥပဒေထဲတွင် ထည့်သွင်းထားပြီး ပြင်ဆင်ရန် လွှတ်တော်ကော်မရှင် လက်ထဲသို့ရောက်ရှိ နေကြောင်း ပြောကြားခဲ့ပါသည်။*

အကြံပြုချက် ၁၄ အရ ဒေသန္တရအဆင့် ပွင့်လင်းမြင်သာမှုအားကောင်းအောင်ဆောင်ရွက်ခြင်းတွင် သယံဇာတ မှ ရရှိသည့်ဝင်ငွေကို တိုင်းနှင့်ပြည်နယ်များရှိ ဒေသခံများသို့ခွဲဝေပေးသည့် လုပ်ထုံးလုပ်နည်းများအားကောင်း အောင်ဆောင်ရွက်ခြင်း နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင်မရှိသေးကြောင်း နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး

ဌာနတွင် စတင်ဆောင်ရွက်နေကြောင်း၊ တရားမဝင်သတ္တု တူးဖော်ခြင်းများကို စောင့်ကြပ်ကြည့်ရှုခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းများအား ဟန့်တားခြင်းဆိုင်ရာ စောင့်ကြည့်ရေး ယန္တရားများ တည်ဆောက်လာရန် ဆောင်ရွက်ရာတွင် တိုင်းနှင့်ပြည်နယ် အလိုက် ပြဿနာများကို ဖြေရှင်းနိုင်မည့် Sub National Coordination Units များဖွဲ့စည်းရန် နှင့် စပ်လျဉ်း၍ သမ္မတရုံးသို့ စာတင်ထားကြောင်း၊ ယင်းအမိန့်ကြေငြာစာဖြင့် တိုင်းနှင့်ပြည်နယ်အသီးသီးတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ နှင့် အရပ်ဘက် အဖွဲ့အစည်းတို့ပါဝင်သည့် sub-national units (SNUs) များဖွဲ့စည်းမည် ဖြစ်ကြောင်း၊ လက်ရှိသတ္တုတွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုပြန်လည်သုံးသပ်ခြင်း နှင့်လိုအပ်လျှင် မွမ်းမံပြင်ဆင်ရန် နှင့်စပ်လျဉ်း၍လည်း သတ္တုဦးစီးဌာနမှ ဆောင်ရွက်နေသည်ကိုတွေ့ရကြောင်း နှင့် အုပ်ချုပ်မှုစနစ် ပိုမိုကောင်းမွန်ပြီး ဝင်ငွေများကို ဗဟိုနှင့် မျှတစွာ ခွဲဝေသုံးစွဲသည့် စနစ်တစ်ခု ထူထောင်ပေးရန် နှင့် စပ်လျဉ်း၍လည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်တွင်ဆောင်ရွက်နေသည်ဟုသိရကြောင်း နှင့် ပြည်နယ်နှင့် တိုင်းအဆင့်၊ ဒေသဆိုင်ရာ EITI အဖွဲ့များ ထူထောင်ပေးရန်သည် sub-national units (SNUs) ဖွဲ့စည်းခြင်းနှင့် သက်ဆိုင်ကြောင်း၊ အမိန့်ကြေငြာစာထွက်လျှင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက်ဗင်းမှ ပထမအစီရင်ခံစာအပေါ်အကြံပြုချက် ၁၄ ချက်နှင့်စပ်လျဉ်း၍ ဌာနများတွင် အချို့အချက်များအတွက် တိုးတက်ပြောင်းလဲမှုများဆောင်ရွက်ထားခြင်းကို တွေ့ရသလို အချို့အချက်အလက်များအတွက် ဆောင်ရွက်ထားမှု မရှိသေးသည်ကိုတွေ့ရကြောင်း၊ ယခုနှစ်အစီရင်ခံစာ၏ ပြုပြင်ပြောင်းလဲရေး အကြံပြုချက်များ နှင့် စပ်လျဉ်း၍ မှားယွင်းနေသည့်အချက်များတွေ့ရှိပါကပြောကြားပေးရန် နှင့် ပိုမိုကောင်းမွန်သောအစီရင်ခံစာဖြစ်လာစေရန်အတွက် ယင်းအကြံပြုချက်များအား တင်ပြပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

### ၇.၈။ EITI structure အားရှင်းလင်းတင်ပြခြင်း (ဒေါ်တာရာမောင်)

ယင်းနောက် ဒေါ်တာရာမောင်မှ မြန်မာနိုင်ငံEITI တည်ဆောက်ပုံအကြောင်းကို ရှင်းလင်းတင်ပြခဲ့ပြီး EITI လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန်အတွက် Multi-donor Trust Fund ကို ရရှိထားကြောင်း၊ World Bank မှ တာဝန်ယူဆောင်ရွက်ထားပြီး MOPF နှင့် စာချုပ်ချုပ်ဆိုထားကြောင်း နှင့် NCS ရုံးအနေဖြင့် MDTF ရံပုံငွေဖြင့် EITIလုပ်ငန်းစဉ်ကို ပံ့ပိုးကူညီရန်အတွက် ရုံးခန်းဖွင့်လှစ်ကာ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်နှင့် MOBD တို့၏ လုပ်ထုံးလုပ်နည်းများကိုလိုက်နာပြီး ခွင့်ပြုချက်ရယူနိုင်ကြောင်း ရှင်းလင်းခဲ့ပါသည်။

### ၇.၉။ ၂၀၁၆ EITI standards များအကြောင်း ရှင်းလင်းတင်ပြခြင်း (ဒေါ်ခင်စောဌေး၊ NRGI)

ဒေါ်ခင်စောဌေးမှ ၂၀၁၆ EITI စံနှုန်းများအကြောင်းကို ရှင်းလင်းရာတွင် သယံဇာတတူးဖော်ထုတ်ယူသည့် ကဏ္ဍများအနေဖြင့် EITI စံနှုန်းများကို လိုက်နာရမည် ဖြစ်ကြောင်း၊ EITI international မှသတ်မှတ်ထားသည့် အချက်များအား လိုက်နာမှုရှိမရှိကို စစ်ဆေးရန်အတွက် ၂၀၁၆ ခုနှစ်၊ EITI စံနှုန်းများထွက်ရှိထားကြောင်း၊ ယင်းစံနှုန်းသည် တသမတ်တည်းမဟုတ်ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် format တစ်ခု၊ ၂၀၁၆ ခုနှစ်တွင် format တစ်ခု နှင့် ၂၀၂၀ တွင် format တစ်ခုထွက်ရှိမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များအပေါ်မူတည်ပြီး ပြင်ဆင်သတ်မှတ်ကြောင်း၊ ယင်းစံနှုန်းများတွင် ၉၀ ရာခိုင်နှုန်းသော စံနှုန်းများသည် မလုပ်မနေရ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အချို့အချက်များသည် တိုက်တွန်းချက်များဖြစ်ကြောင်း၊ ရည်ရွယ်ချက်မှာ အစီရင်ခံစာတစ်ခုတည်း

ထွက်ရှိရန်မဟုတ်ကြောင်း၊ ထွက်ရှိလာသော အစီရင်ခံစာကို validator မှ ဆန်းစစ်မည်ဖြစ်ကြောင်း၊ ယင်းစံနှုန်းများအတိုင်း ဆောင်ရွက်ထားမှုရှိသလားကို ဆန်းစစ်မည်ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

သယံဇာတဆိုင်ရာတန်ဖိုးကွင်းဆက်တွင် ထုတ်သင့်မသင့် ဆုံးဖြတ်ခြင်း၊ ကန်ထရိုက်၊ လိုင်စင်ပေးခြင်း၊ နိုင်ငံတော်ရရှိမည့် ဘဏ္ဍာရေးသတ်မှတ်ချက်၊ ထုတ်ယူခြင်းဖြစ်စဉ်၊ ရောင်းချခြင်း၊ အခွန်ဘဏ္ဍာ ကောက်ယူခြင်း စနစ်၊ ရရှိသော အခွန်ဘဏ္ဍာဝင်ငွေကိုစီမံခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု တို့ပါဝင်ပြီး ကောင်းမွန်သော အုပ်ချုပ်စီမံမှုသည် သယံဇာတ ထုတ်ယူရေး အဆင့်တိုင်းအတွက် ကျင့်သုံးရမည်ဖြစ်ကြောင်း နှင့် ယင်းတို့ကို အခြားနိုင်ငံများမှ ဆောင်ရွက်နေသည့်ပုံစံများဖြင့် ဥပမာပြ၍ ရှင်းလင်းခဲ့ပါသည်။

EITI သည် ဝင်ငွေအခွန် ပွင့်လင်းမြင်သာမှုရှိခြင်းအပိုင်းကို အဓိကထားပြီး လုပ်ဆောင်သည်။ EITI တွင် ဖော်ပြပေးရမည့် လုပ်ပိုင်ခွင့်ချထားပေးခြင်း ကိစ္စနှင့်စပ်လျဉ်း၍ မူဝါဒပိုင်းဆိုင်ရာ နှင့် ငွေကြေးကဏ္ဍဖော်ပြခြင်း၊ သယံဇာတ လိုင်စင်ဘယ်လိုရသလဲ၊ ဘယ်လိုပေးသလဲ၊ EITI အစီရင်ခံစာတွင် လိုင်စင်ပေးထားသည့် ကုမ္ပဏီများ၏ မှတ်ပုံတင်ထားခြင်းကို ဖော်ပြရန်၊ state participation တွင် (State equity & production sharing) ဆိုသည့် ၂ ပိုင်းရှိကြောင်း၊ Benegicial Ownership သည် ၂၀၁၆ ခုနှစ် စံနှုန်းတွင် မပါဝင်သေးကြောင်း၊ ၂၀၂၀ စံနှုန်းတွင်သာ ပါဝင်မည်ဖြစ်ကြောင်း၊ ပိုင်ရှင်အစစ်အမှန်ကို ဖော်ပြပေးခြင်းဖြစ်ကြောင်း၊ စာချုပ်များနှင့် လိုင်စင်ချထားပေးသည်များကိုလည်းEITI စံနှုန်းတွင် ဖော်ပြပေးရန်လိုအပ်ကြောင်း ရှင်းလင်းခဲ့ ပါသည်။

EITI တွင် ထုတ်လုပ်ခြင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ စမ်းသပ်တူးဖော်မှုလုပ်ငန်းများ၊ ထွက်ရှိသည့်ပမာဏနှင့် တန်ဖိုးများ၊ တင်ပို့ခြင်းအပိုင်းတို့ကိုလည်း ဖော်ပြပေးရန် လိုအပ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

EITI တွင် ဝင်ငွေခွန်ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ အစိုးရမှ ကောက်ခံရရှိသည့် အခွန်အခများ၊ ဝင်ငွေခွန်များ၊ ဖက်စပ်ဆောင်ရွက်မှုများမှ ဝင်ငွေများသာမက မြေငှားရမ်းခများကို ထည့်သွင်းဖော်ပြခြင်း၊ ငွေသားအနေနှင့် ရတာမဟုတ်ဘဲ ရာခိုင်နှုန်းဖြင့် ရရှိခြင်းတို့ကိုဖော်ပြခြင်း၊ စာချုပ်တွင်ပါဝင်သည့် သဘောတူညီချက်များကို ပြည့်စုံအောင် ဖော်ပြပေးရန်တို့ လိုအပ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

မြန်မာနိုင်ငံရှိ State- owned enterprise များတွင် MOGE, MTE, Mining 1, 2 တို့ပါဝင်ကြောင်း၊ sub-national payment သည် မြန်မာနိုင်ငံတွင် မပါဝင်သေးကြောင်း၊ သယံဇာတလုပ်ငန်းများတွင် နိုင်ငံတော်ပိုင် လုပ်ငန်းများ၏ ပိုင်ဆိုင်မှု နှင့် cooperation ဆောင်ရွက်ရာတွင် ရှယ်ယာများကို ဖော်ပြခြင်း၊ အစိုးရသို့ ဘယ်လောက် ထောက်ပံ့ပေးနေသလဲကို ဖော်ပြရန် နှင့် EITI စံနှုန်းအရ သယံဇာတထုတ်လုပ်သည့် ကုမ္ပဏီများအနေဖြင့် လူမှုအကျိုးပြုလုပ်ငန်းများတွင် ဘယ်လောက် ဆောင်ရွက်သလဲကို ဖော်ပြခြင်း၊ ဝင်ငွေ စီမံခန့်ခွဲမှု နှင့် သုံးစွဲမှု အချိုးတို့ကို ဖော်ပြပေးရန် လိုအပ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ်အစီရင်ခံစာ၏ရလဒ်သည် အနည်းဆုံး satisfactory (စိတ်ကျေနပ်သည့်အဆင့်) ကို ရရှိရမည်ဖြစ်ကြောင်း၊ အချို့နိုင်ငံများအနေဖြင့်လည်း အစီရင်ခံစာ ၂ စောင်ဖြင့် candidate မှ compliance အဆင့်သို့ရောက်ရှိသွားကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ compliance အဆင့်သို့ ရောက်ရှိရန် ခဲယဉ်းသော်လည်း candidate country အဆင့်မှ ကျမသွားရန်သည် အရေးကြီးကြောင်း၊ ဒုတိယအကြိမ်အစီရင်ခံစာကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ တွင် ထွက်ရှိရမည်ဖြစ်သော်လည်း

နောက်ကျသွားသည့်အတွက် ၂၀၁၈ ခုနှစ် မတ်လအထိ နောက်ဆုတ်ပေးရန် international secretariat သို့စာပို့၍ request လုပ်ထားပြီး လက်ခံထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် first validation ကို ၂၀၁၈ ဖွန်လတွင် စစ်ဆေးမည်ဖြစ်ကြောင်း၊ ယင်းနောက် လုံးဝကျေနပ်လျှင် compliance နိုင်ငံဖြစ်သွားပြီး ကျေနပ်လောက်ဖွယ်ရာ ရလဒ်သာထွက်ရှိလျှင် suspended ဖြစ်ပြီး ပြန်လည်ဆောင်ရွက် ခွင့်ရမည်ဖြစ်ကြောင်း၊ EITIလုပ်ငန်းစဉ်သည် အကုန်လုံးကို ဖြေရှင်းပေးမည် မဟုတ်သော်လည်း သယံဇာတနှင့် စပ်လျဉ်းသည့် ပွင့်လင်းမြင်သာမှုရှိစွာ၊ ဘယ်အပိုင်းတွေမှာ ဘယ်လိုဆောင်ရွက်နေသလဲစသည့် စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

*တက်ရောက်လာသည့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များမှ မြန်မာနိုင်ငံတွင် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနအောက်ရှိ MGE နှင့် Mining 1, 2, 3 သည် operation လုံးဝ ဆောင်ရွက်မှုမရှိတော့ကြောင်း ဝင်ရောက်ဆွေးနွေးခဲ့ပါသည်။*

စံနှုန်း ၅.၁ အရ နိုင်ငံတော်ဘက်ဂျက်သို့ဝင်ရောက်ခြင်းရှိမရှိ၊ ဘယ်လောက်ဝင်ရောက်သလဲကိုဖော်ပြရန် ပြောထားကြောင်း၊ စံနှုန်း ၂.၄ အရ စာချုပ်နှင့်စပ်လျဉ်း၍ ဖော်ပြရန် ပြောထားကြောင်း ပြောကြားခဲ့ပါသည်။

ကျောက်စိမ်းသည် CSR နှင့်စပ်လျဉ်း၍ သီးသန့်ဆောင်ရွက်ကြောင်း၊ EITI ၂၀၁၆ စံနှုန်းအား ဆောင်ရွက်ရ လွယ်ကူစေရန် မွမ်းမံထားကြောင်း၊ လက်ရှိတွင် ဘာသာပြန်အပ်ထားပြီးရရှိပါက သက်ဆိုင်ရာဌာနများသို့ ဖြန့်ဝေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

### ၇.၁၀။ အီးအိုင်တီအိုင် ဗီဒီယိုပြသခြင်း

ယင်းနောက် တက်ရောက်လာသူများအား အီးအိုင်တီအိုင်ကြွက်ဗီဒီယိုကို ပြသခဲ့ပါသည်။

### ၇.၁၁။ Reporting template များအကြောင်းရှင်းလင်းတင်ပြခြင်း (ဒေါ်တာရာမောင်)

ထို့နောက် ဒေါ်တာရာမောင် မှ အရင်နှစ်တွင် ထည့်သွင်းခဲ့သည့် templates ပုံစံများအကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ယင်းနောက်၎င်းမှ ယခင်နှစ်တွင် ယင်း format များတွင် ထည့်သွင်းရာ၌ မည်သည့် format သည် အချိန်အကြာဆုံးဖြစ်ပြီး ဖြည့်ရခက်ခဲသလဲကို ဆွေးနွေးပေးကြရန် နှင့် ယခုနှစ်မှ စတင်ဖြည့်ရမည့် ဌာနများ အတွက် အတွေ့အကြုံရှိသော ဌာနများအနေဖြင့် ယင်းအတွေ့အကြုံများကို မျှဝေပေးရန် ပြောကြားခဲ့ပါသည်။

ဆရာဦးသန်းဌေးအောင် (လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန) မှ ဆွေးနွေးရာတွင် စွမ်းအင်ကဏ္ဍအနေဖြင့် အခက်အခဲသိပ်ရှိမည်မထင်ကြောင်း၊ အချိန် ၂ ပတ်မျှရရှိလျှင် အဆင်ပြေကြောင်း ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးအနေဖြင့် ဌာနအချင်းချင်းရှိ ဖြည့်သွင်းလာသော အချက်အလက်များအား စာရင်းစစ်ချုပ်ရုံးမှ စစ်ထားသော Audit လုပ်ပြီးသော အစီရင်ခံစာမှ အချက်အလက်များဖြစ်သော်လည်း ပေးပို့လာသော အချက်အလက်များကွာခြားပါက ကွာခြားရသည့်အကြောင်းရင်းကို သက်ဆိုင်ရာဌာနများသို့ ပြန်လည်မေးမြန်းရသည့်အတွက် အချိန်ယူကြောင်း၊ ဖြစ်နိုင်လျှင် ဌာနအလိုက် ပြီးသလောက်အချက်အလက် များကို တစ်နှစ်ပြီးလျှင် တစ်နှစ် စစ်ဆေးနိုင်ရန်အတွက် စာရင်းစစ်ချုပ်ရုံးသို့ ကြိုတင်ပေးပို့ပေးရန်နှင့် ကွာခြားချက်များရှိပါလည်း မှတ်ချက်များဖြင့် အပြည့်အစုံ ရေးသားပေးပို့ထားခြင်းဖြင့် ပေးပို့ကြရန် ဆွေးနွေး ခဲ့ပါသည်။ receipt no. နှင့်စပ်လျဉ်း၍ IA အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန်ပြောကြားခဲ့ပါသည်။

Treasury နှင့်စပ်လျဉ်း၍ တင်ပို့သောအချက်အလက်များမရရှိနိုင်ကြောင်း ဝင်ရောက်ဆွေးနွေးခဲ့ပါသည်။ ပြည်တွင်းအခွန်ဦးစီးဌာနမှ Income tax နှင့် commercial tax များကိုတတ်နိုင်သမျှခွဲခြားပေးမည်ဖြစ်ကြောင်း နှင့် ခက်ခဲကြောင်း၊ IA နှင့်တွေ့ပါက ကုမ္ပဏီများကို တတ်နိုင်သမျှနည်းပေးရန် ဆွေးနွေးရမည်ဖြစ်ကြောင်း၊ Payment flow detail တွင် အချိန်ပေးရန်လိုအပ်ကြောင်း၊ အချို့ကုမ္ပဏီများသည် ကုမ္ပဏီတစ်ခုတည်း ဖြစ်သော်လည်း ၁၀ ကြိမ်ခန့်ပေးကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ဒေါ်တာရာမောင်မှ အောက်တိုဘာလ ၃ ရက်နေ့တွင်ကျင်းပမည့် template entities training ၌ အမှန်တစ်ကယ်ဆောင်ရွက်မည့်သူများ နှင့် ကြီးကြပ်မည့်သူများကို တက်ရောက်စေချင်ကြောင်း၊ ဌာနဆိုင်ရာ အလိုက် တက်မည့်လူအရေအတွက်ကို ပေးပို့ပေးရန် နှင့် NCS မှဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ ပါသည်။

### ၇.၁၂။ အုပ်စုဖွဲ့ဆွေးနွေးခြင်း

ယင်းနောက် တက်ရောက်လာသူများမှ အောက်ပါခေါင်းစဉ်များကို သက်ဆိုင်ရာဌာနအလိုက် အုပ်စုဖွဲ့ ဆွေးနွေးခဲ့ကြပါသည်။

- ဒုတိယ နှင့် တတိယအကြိမ် အီးအိုင်တီအိုင် အစီရင်ခံစာပြုစုရာတွင် အစိုးရကဏ္ဍတွင် ရင်ဆိုင် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှု/အခက်အခဲများကို ဆွေးနွေးခြင်း
- ယင်းစိန်ခေါ်မှု/အခက်အခဲများကို မည်သို့ရင်ဆိုင်ကျော်လွှားလို့ရမလဲ။
- ယင်းစိန်ခေါ်မှုများအတွက် ဘာတွေပြင်ဆင်ထားပြီးပြီလဲ။
- ရှေ့ဆက်မည်သို့ ဆက်လက်ဆောင်ရွက်မလဲ။

ယင်းတို့အတွက် မည်သူက မည်သည့်အချိန်တွင် မည်သို့ဆောင်ရွက်မှာလဲ။ NCS အဖွဲ့နှင့် ဘယ်လိုပူးပေါင်း ဆောင်ရွက်နိုင်မလဲ။ ဘယ်လိုအကူအညီတွေလိုအပ်သလဲ။

### ၇.၁၃။ ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်း

**(က) MOGE အဖွဲ့မှ ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်း**

*ဒုတိယ နှင့် တတိယအကြိမ် EITI အစီရင်ခံစာပြုစုရာတွင် အစိုးရကဏ္ဍတွင် ရင်ဆိုင်ကြုံတွေ့နိုင်သည့် စိန်ခေါ်မှု/အခက်အခဲများ နှင့် ယင်းစိန်ခေါ်မှု/အခက်အခဲများကို မည်သို့ ရင်ဆိုင်ကျော်လွှားလို့ရမလဲ။*

- လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ခုနှစ်တွင် ထပ်တိုးပါဝင်မည်မှာ ရွှေကုမ္ပဏီ၏ SEAGP ဆိုသည့် သဘာဝဓါတ်ငွေ့နှင့် ပိုက်လိုင်းတို့မှ ရရှိသည့် fees & income တို့ဖြစ်ကြောင်း၊ စက်တင်ဘာလ ၂၅ ရက်နေ့၊ ၂၀၁၇ ခုနှစ်တွင် ၎င်းအဖွဲ့အား ဖိတ်ခေါ်ပြီး ဒေတာများ တောင်းခံမှုပြုလုပ်မည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ဝင်ငွေနှင့် စပ်လျဉ်းပြီး China Development Bank တွင် ချေးငွေရှိကြောင်း၊ Euro collection account အဖြစ်ထားရှိပြီး ၎င်းမှတစ်ဆင့်ရရှိမည်ဖြစ်ပြီး ဖြေရှင်းပေး မည်ဖြစ်ကြောင်း၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ခုနှစ်တို့အတွက် advanced ကိစ္စများအတွက် အဆင်ပြေချောမွေ့စွာ ကူညီပေးပါရန်၊

- In kind payment နှင့် In kind received ပြဿနာတွင် ရေနံစိမ်းနှင့်စပ်လျဉ်းပြီး MPRL နှင့် Gold Petrol ကုမ္ပဏီတို့မှ MOGE နှင့် အတူပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့ဆီမှရရှိသော ရေနံစိမ်းအစုရှယ်ယာကို ဝယ်ယူရခြင်း နှင့် ကျန်သောရေနံစိမ်းကိုရရှိခြင်းဖြစ်ပြီး payment အနေဖြင့်မဟုတ်ဘဲ received အနေဖြင့်ရရှိခြင်းဖြစ်ကြောင်း၊ မနှစ်ကတည်းကဖော်ပြပြီး ဖြစ်သော ကြောင့် ယင်းပြဿနာကိုလည်းဖြေရှင်းပြီးဖြစ်ကြောင်း၊
- Other account ပြဿနာနှင့်စပ်လျဉ်း၍ other account သည် state-owned enterprise များအတွက် ၂၀၁၂-၂၀၁၃ ခုနှစ်မှ စတင်ခဲ့ကြောင်း၊ other account ကိုသုံးစွဲမည်ဆိုလျှင် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနမှတဆင့် လွှတ်တော်၏ အတည်ပြုချက်ဖြင့် Union Fund Account (UFA) ဖြင့်သုံးစွဲခြင်းဖြစ်ကြောင်း၊ Other account ၏အဓိကအချက်အနေဖြင့် အသားတင်အမြတ်၏ ၂၅ ရာခိုင်နှုန်းသည် income tax ဖြစ်ပြီး ၂၀ ရာခိုင်နှုန်းသည် state distribution ဖြစ်ကြောင်း၊ Net 55 ရာခိုင်နှုန်းသည် other account သို့သွားခြင်းဖြစ်ကြောင်း၊ Other accounts သုံးစွဲမှုနှင့်စပ်လျဉ်း၍ လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ နှစ်စဉ်နှစ်တိုင်း စစ်ဆေးလေ့ရှိကြောင်း၊
- Definition နှင့်စပ်လျဉ်း၍ value of Production နှင့် volume of production တွင် value ကိုမရရှိနိုင်ကြောင်း နှင့် volume သာရရှိနိုင်ကြောင်း၊ losses များရှိနိုင်သည့်အတွက် net အနေဖြင့် volume ကိုသာပေးနိုင်ကြောင်း၊
- Reporting format သည် မြန်မာစာဖြင့်ရေးထားခြင်းဖြစ်သောကြောင့် translation ဆောင်ရွက်ပါက အဓိပ္ပာယ်မှားယွင်းနိုင်သည့်ပြဿနာ ရှိကြောင်း နှင့် ယင်းအတွက်လည်း translation လုပ်ရန် ပြင်ဆင်နေသည့်အတွက် ဖြေရှင်းနိုင်ကြောင်း၊

ယင်းနောက်၎င်းတို့ဌာနအနေဖြင့် Reporting template ထွက်လာလျှင် တစ်ပတ်အတွင်း ဖြည့်၍ ပြီးနိုင်ကြောင်း နှင့် စိန်ခေါ်မှုများ၊ အခက်အခဲများကို အဆင်ပြေချောမွေ့စွာ ဖြေရှင်းနိုင်ကြောင်း တင်ပြခဲ့ပါသည်။

ဒေါ်တာရာမောင်မှ MOGE မှအချက်အလက်များကို တစ်ပတ်အတွင်းပြီးစီးလျှင် Audit general ရုံးသို့စောလျှင်စွာ ပေးပို့နိုင်ပြီး ကြိုတင်စစ်ဆေးပေးထားနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် စာရင်းစစ်ချုပ်ရုံးမှ ၎င်းတို့အနေဖြင့် ဌာနပေါင်းစုံ၏ ဒေတာများကို စစ်ဆေးပေးရခြင်းဖြစ်သောကြောင့် ဌာနများအနေဖြင့် MOGEအနေဖြင့် နှစ်နှစ်စာလုံးပြီးနေသည့်အတွက် အဆင်ပြေသော်လည်း အခြားဌာနများ အနေဖြင့် တစ်နှစ်စာပြီးလျှင်လည်း စစ်ဆေးထားနိုင်ရန်အတွက် ကြိုတင်ပေးပို့ထားရန်လိုအပ်ကြောင်း၊ တရားဝင်စာထွက်ရှိ၍ ပေးပို့ရန် ပြောကြားခဲ့ပါသည်။

**(ခ) MoNREC (MGE) အဖွဲ့မှ ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်း**

*ဒုတိယ နှင့် တတိယအကြိမ် EITI အစီရင်ခံစာ ပြုစုရာတွင် အစိုးရကဏ္ဍ တွင် ရင်ဆိုင် ကြုံတွေ့ နိုင်သည့် စိန်ခေါ်မှု/အခက်အခဲများ*

- အချိန်တိုတောင်းခြင်း
    - ❖ Gems companies အရေအတွက်များခြင်း
- ME 1, 3 audit စစ်ဆေးမှု
- BO data ထည့်သွင်းခြင်း
- ဘာသာပြန်မှုအခက်အခဲ (Scoping data)

ယခင်နှစ်က Emporium sale ကိုသာဆောင်ရွက်ခဲ့သော်လည်း ယခုနှစ်တွင် နှစ်နှစ်စာ ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် တိုးချဲ့ဆောင်ရွက်ခိုင်းသည့်အတွက် လုပ်ကွက်စာရင်း Production & Royalty, In kind တို့ပါဝင်လာသည့်အတွက် အချိန်တိုး၍ လိုအပ်ခြင်းဖြစ်ကြောင်း၊ Recommendations 14 ချက်တွင် 12 ချက်နှင့် သက်ဆိုင်နေပြီး အားလုံးကိုဆောင်ရွက်ထားနိုင်သော်လည်း IA အဖွဲ့မှ လုပ်ကွက်စာရင်းတွင် ကုမ္ပဏီ လိုင်စင်နံပါတ်တို့ကို ပြန်ထည့်ခိုင်းခြင်းတို့ရှိခြင်း နှင့် template သည် မြန်မာဘာသာဖြစ်နေခြင်းတို့အတွက် translation ဆောင်ရွက်ရခြင်းတို့ကြောင့် အချိန်လိုအပ်ခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီအရေအတွက်များ လာပါက လည်း (မြန်မာနိုင်ငံတွင် ကုမ္ပဏီတစ်ခုတည်းဖြင့် ကျောက်မျက်ရော၊ ကျောက်စိမ်းပါဆောင်ရွက်နိုင်ခြင်း) အချိန်တိုး၍ လိုအပ်ခြင်းဖြစ်ကြောင်း၊ ME 1, 2 ကိစ္စအတွက် စာရင်းစစ်ဆေးချိန်ပေးရမည်ဖြစ်ကြောင်း၊ Beneficial ownership (BO) သည် မြန်မာနိုင်ငံအတွက် အသစ်ဖြစ်နေခြင်း နှင့် scoping study ဒေတာများကို ဘာသာပြန်ရန်လိုအပ်ခြင်းစသည့် အခက်အခဲများရှိကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

*ယင်းစိန်ခေါ်မှု/အခက်အခဲများကို မည်သို့ ရင်ဆိုင်ကျော်လွှားလို့ရမလဲ။*

- ယခင်နှစ်အစီရင်ခံစာကို အခြေခံ၍ ကုမ္ပဏီအရေအတွက် သတ်မှတ်ပေးရန် (Gems)
- CSR လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကုမ္ပဏီများမှ ဒေတာများကို ရယူပေးရန်
- စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးနိုင်ရန်အတွက် တစ်နှစ်စာ ဒေတာများသွင်းပြီးပါက ပေးပို့ထားရန် နှင့် data clarification အတွက် ဌာနများတွင် ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ ထားရှိပေးရန်
- ဝန်ကြီးရုံးမှ စာအကြိမ်ကြိမ်ထွက်ရှိပေးရန် (တစ်နှစ်စာချင်း စစ်ဆေးရန်အတွက်)

*ယင်းစိန်ခေါ်မှုများအတွက် ဘာတွေပြင်ဆင်ထားပြီးပြီလဲ။ ရှေ့ဆက်မည်သို့ ဆက်လက်ဆောင်ရွက်မလဲ။*

- စာရင်းများကြိုတင်ကောက်ယူထားပြီးဖြစ်ကြောင်း
- အောက်တိုဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် template သင်တန်းတွင် အမှန်တစ်ကယ် ဖြည့်သွင်းမည့်သူများတက်ရောက်နိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊
- အရင်အတွေ့အကြုံများကို အခြေခံပြီး ပုံမှန်စာရင်းများကို သီးသန့် update လုပ်သွားရန်
- Reporting template အတွက် ဒေတာထည့်သွင်းရသည့် Format ကိုပုံသေထားရန်
- ဌာနအလိုက် အီးအိုင်တီအိုင်လုပ်ငန်းအဖွဲ့များ (EITI Units) များ ပုံသေထားရန်
- BO အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကုမ္ပဏီများသို့ ကြိုတင်ချပြထားခြင်း လုပ်ငန်းဆွေးနွေးပွဲ ပြုလုပ်ရန် (DICA)

**(ဂ) MoNREC (MGE) အဖွဲ့မှ ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်း**

*ဒုတိယ နှင့် တတိယအကြိမ် EITI အစီရင်ခံစာပြုစုရာတွင် အစိုးရကဏ္ဍတွင် ရင်ဆိုင် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှု/အခက်အခဲများ*

- *Material Thresholds အပေါ်တွင် အများကြီးမူတည်ပြီး အချိန်လိုအပ်ခြင်း*
- *Templateကို ဒေတာဖြည့်သွင်းမည့်သူများအားလုံး နားလည်အောင်ရှင်းပြရန် လိုအပ်ခြင်း၊ (အထူးသဖြင့် ထပ်တိုးပါဝင်လာသည့် ပုလဲဌာနတို့အတွက်)*

- *Materail Thresholds ဖြတ်ပြီးပါက ပါဝင်မည့်ကုမ္ပဏီများကို Reporting template training အတွက် ၅ ရက်လောက် ကြိုတင်ဖိတ်ကြားရန်*

*ယင်းစိန်ခေါ်မှု/အခက်အခဲများကို မည်သို့ ရင်ဆိုင်ကျော်လွှားလို့ရမလဲ။*

- *တတ်နိုင်သမျှ အားလုံးပြီးစီးအောင် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း*

**(ဃ) MOPF အဖွဲ့မှ ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်း**

*ဒုတိယ နှင့် တတိယအကြိမ် EITI အစီရင်ခံစာပြုစုရာတွင် အစိုးရကဏ္ဍတွင် ရင်ဆိုင်ကြုံတွေ့နိုင်သည့် စိန်ခေါ်မှု/အခက်အခဲများ*

- စာရင်းစစ်မှတ်တမ်းများကို စာရင်းစစ်မှ ထပ်စစ်လျှင် အချိန်ယူနိုင်ကြောင်း
- စက်ပစ္စည်းများ တင်သွင်းသည့်ကိန်းဂဏန်းများပေးရန် အခက်အခဲရှိခြင်း (ဥပမာ- ဥပဒေစိုးမိုးမှုအား မကောင်းသည့် နယ်စပ်ဒေသများမှ ဝင်ရောက်သည့် စက်ပစ္စည်းများ)
- ပြည်တွင်းအခွန်ဦးစီးဌာနအတွက် Multi-companies မှ စီးပွားရေးပေါင်းစုံဆောင်ရွက်သည့်အတွက် ၎င်းတို့နှင့် ဆက်စပ်သည့် export/import အပိုင်းတွင် Revenue နှင့် IRD တို့ကို ခွဲထုတ်ရန် အခက်အခဲရှိခြင်း၊ နည်းပညာမြင့်လာသည့်အလျောက် ဘယ် sectors အတွက်လည်း ခွဲထုတ်ရန် ခက်ခဲခြင်း
- အကောက်ခွန်ဌာနအတွက် အခွန်ပေးဆောင်မှုစနစ်အား နားလည်မှုလွဲမှားနိုင်ခြင်း (ဥပမာ- ပြန်အမ်းရသည့်ကိစ္စများ၊ ကာလအပိုင်းအခြားတစ်ခုအတွင်း ပြန်ပေးရသည့်ကိစ္စများ၊ Drawback, temporary admission, Special order, နိုင်ငံတော်အတွက်အရေးကြီးသည့် ကိစ္စများအတွက် ဝန်ကြီးခွင့်ပြုချက်ဖြင့် တင်သွင်းသည့်အချိန်နှင့် Finalize တို့ကွာခြားသွားနိုင်ကြောင်း၊ အခွန်ပေးသည့် စနစ်အပေါ်မူတည်ပြီး break down လုပ်ရမည်ဖြစ်သောကြောင့် အချိန်ကာလလွဲမှားနိုင်ကြောင်း၊ ဘဏ္ဍာရေးတစ်နှစ် ကွာခြင်းသွားနိုင်ကြောင်း)၊
- BO နှင့် ပတ်သက်သည့်အချက်အလက်များကို company act တွင် ထည့်ရန်ခက်ခဲခြင်း

*ယင်းစိန်ခေါ်မှု/အခက်အခဲများကို မည်သို့ ရင်ဆိုင်ကျော်လွှားလို့ရမလဲ။*

- Sectors အလိုက်ဘယ်လိုခွဲနိုင်မလဲဆိုလျှင် ကုမ္ပဏီများမှ မှန်မှန်ကန်ကန် ဆောင်ရွက်ရန်
- Line Ministeries များနှင့် ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ရန်
- အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး BO နှင့်ပတ်သက်သည့်အချက်အလက်များကို Form 6 နှင့် 26 တို့တွင် ထည့်သွင်းရန်
- ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် အချိန်ယူ၍ အနီးစပ်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း
- သက်ဆိုင်ရာဌာနများအနေဖြင့် တင်သွင်းမှုနည်းစနစ်ကို ရှင်းရှင်းလင်းတင်ပြရန်

*ယင်းစိန်ခေါ်မှုများအတွက် ဘာတွေပြင်ဆင်ထားပြီးပြီလဲ။ ရှေ့ဆက်မည်သို့ ဆက်လက်ဆောင်ရွက်မလဲ။*

- သက်ဆိုင်ရာဌာနများမှ ဒေတာများ စာရင်းသွင်းချိန်တွင် NCS အဖွဲ့မှ လိုက်ပါကူညီဆောင်ရွက်ပေးရန်
- Template ဖြည့်စွက်မှုအတွက် ရှင်းလင်းချက်/မှတ်တမ်းထားရန် (စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်)

- ဌာနတိုင်းတွင် EITI task force အဖွဲ့သီးသန့်ထားရှိရန်
- Manual ထုတ်ထားရန်

ထို့နောက် ဒေါ်တာရာမောင်မှ ဌာနဆိုင်ရာအလိုက် အခက်အခဲများ၊ ကျော်လွှားနိုင်မည့်နည်းလမ်းများ နှင့် ရှေ့ဆက်ဆောင်ရွက်မည့်အရာများကို ဆွေးနွေးတင်ပြပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း နှင့် ဌာနတစ်ခုချင်းစီ၏ ၂ နှစ်စာ အချက်အလက်ဖြည့်သွင်းရန်အတွက် လိုအပ်မည့်အချိန်ကာလကိုဆွေးနွေးပေးရန် နှင့် ယင်းကိုသိရှိရပါက NCS အနေဖြင့် MOBD နှင့် ပူးပေါင်း၍ ဝန်ကြီးဌာနမှစာပို့ရန် နှင့် audit ဆီစာပို့ရန်အတွက် timeline ပြင်ဆင်နိုင်ကြောင်း၊ template training တွင် အမှန်တကယ်အချက်အလက်များ ဖြည့်မည့်သူများ တက်ရောက်ပေးရန်၊ တက်ရောက်မည့်လူစာရင်းကို ကြိုတင်စာရင်းပေးရန်၊ BO နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရန် နှင့် scoping stuy report နှင့်စပ်လျဉ်း၍ ကုမ္ပဏီများကိုလည်း ကြိုတင်သတင်းပေးထားရန်အတွက် ရန်ကုန်မြို့တွင် နေ့တစ်ပိုင်းလောက် sharing session ကိုကျင်းပချင်ကြောင်း၊ အောက်တိုဘာလ ၃ ရက်နေ့ မတိုင်မီ သက်ဆိုင်ရာဌာနများမှ ဖိတ်ကြားပေးပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းအပြင် ၎င်းမှ Scoping study report သည် ၂၅ ရက်နေ့ထွက်မည်ဖြစ်သောကြောင့် options များပြင်ဆင်ထားနိုင်ကြောင်း၊ အများဆုံး option ကိုယူထားပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း နှင့် ၂၅ ရက်နေ့တွင် ယင်းအစီရင်ခံစာကို အီးမေးလ်ပို့ပေးမည်ဖြစ်ကြောင်း၊ templateများ၊ options များပါဝင်မည်ဖြစ်ကြောင်း၊ အစီရင်ခံစာတွင် ကုမ္ပဏီနာမည်မပါသော်လည်း ပမာဏဖြင့်ဖြတ်မည် ဖြစ်သောကြောင့် ဘယ်ကုမ္ပဏီတွေ ပါနိုင်သည်ကို ဆုံးဖြတ်နိုင်ကြောင်း ရှင်းလင်းခဲ့ပါသည်။

ယင်းနောက် တက်ရောက်လာသူများမှ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၌ Private sector နှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရန်အတွက် ဖိတ်ကြားပေးရန် (BO, scoping study report) အားလုံးမှ သဘောတူခဲ့ပါသည်။ ဌာနအလိုက် တက်ရောက်မည့်သူအရေအတွက်ကို MOBD သို့ ပေးပို့ပေးရန်၊ ဌာနများမှ အချက်အလက်များကို စာရင်းစစ်ချုပ်ရုံးသို့ နောက်ဆုံးပေးပို့နိုင်သည့် အချိန်ဇယားကို စာရင်းချုပ်ရုံးသို့ ပေးပို့ပေးမည် ဖြစ်ကြောင်း နှင့် အချိန်ထပ်မံလိုအပ်ပါက IA နှင့်ညှိနှိုင်းပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

## ၈။ ကျေးဇူးတင်စကားပြောကြားခြင်း (ဦးထွန်းဝေါ်ဦး ၊ NCS Technical Specialist)

ထို့နောက် ဦးထွန်းဝေါ်ဦးမှ ယနေ့အလုပ်ရုံဆွေးနွေးပွဲကို အဖွင့်အမှာစကား ပြောကြားပေးခဲ့ပါသော ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးရဲမြင့်ဆွေ နှင့်တစ်ကွ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအားလုံးအား အချိန်ပေးပြီး တစ်ရက်တာလုံးတက်ရောက်ပေးခဲ့သည့်အပြင် အုပ်စုဖွဲ့ဆွေးနွေးရာတွင်လည်း စိတ်ပါဝင်စားစွာ နှင့် တက်ကြွစွာ ပါဝင်ဆွေးနွေးပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ဌာနအလိုက် ကြုံတွေ့နိုင်သည့် အခက်အခဲများကို ဖော်ထုတ်ခဲ့ပြီး ယင်းတို့ကို ဘယ်လိုဖြေရှင်းဆောင်ရွက်မလဲတို့ကိုလည်း ဆွေးနွေးပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း နှင့် နောက်ဆုံးအနေနှင့် ယခုအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် မြန်မာEITIလုပ်ငန်းစဉ်တွင် အတွေ့အကြုံရှိသော ဌာနဆိုင်ရာမှ ကိုယ်စားလှယ်များ အနေဖြင့် လာမည့်နှစ် အစီရင်ခံစာအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင်လည်း ယခုကဲ့သို့ ရင်းရင်းနှီးနှီးဆက်လက်ပူးပေါင်း ပါဝင်ပေးကြပါရန် နှင့် လိုအပ်ချက်များရှိပါက ထောက်ပြပေးကြပါရန် နှင့် ယခုပွဲကို စီစဉ်ပေးခဲ့ပါသော MOBD နှင့် NCS တို့အားလည်းကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။




## ၉။ နောက်ဆက်တွဲများ

### ၉.၁။ နောက်ဆက်တွဲ(၁) အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သူများစာရင်း

| စဉ် | အမည် | ရာထူး | ဌာန | ဆက်သွယ်ရမည့် ဖုန်းနံပါတ် နှင့် Email လိပ်စာ |
|---|---|---|---|---|
| ၁။ | ဦးလင်းထွဋ် | Director | DICA | 09 790633388 |
| ၂။ | ဦးကျော်သက် | DDG | DOM | 067 409018 |
| ၃။ | ဦးကျော်သူရ | EG | MOGE | 09 420706308 |
| ၄။ | ဦးလင်းခွန်ကို | Assistant Geologist | ME 2 | 09 782581145 |
| ၅။ | ဒေါ်ဝေဝေကြူ | DD | MOGE | 09 420706464 |
| ၆။ | ဒေါ်ခင်စောငွေး | - | NRGI | |
| ၇။ | ဒေါ်သော်ဆွေတင့် | AD | Custom | 09 5109729 |
| ၈။ | ဒေါ်စိုးစန္ဒာအောင် | ဦးစီးအရာရှိ | သတ္တုဦးစီးဌာန | 09 5163028 |
| ၉။ | ဦးမြင့်သူ | အထွေထွေမန်နေဂျာ | မြန်မာ့ပုလဲလုပ်ငန်း | 09 49201273 |
| ၁၀။ | ဒေါ်ထက်ထက်အောင် | မွေးမြူရေးမှူး | မြန်မာ့ပုလဲလုပ်ငန်း | 09 420712636 |
| ၁၁။ | ဒေါ်သိမ့်သိမ့်ဆွေ | အမှုတွဲထိန်း | မြန်မာ့ပုလဲလုပ်ငန်း | 09 421100936 |
| ၁၂။ | ဦးဝင်းဖြိုး | လ/ထ ဘူမိဗေဒအရာရှိ | ဘူမိဗေဒလေ့လာရေး နှင့် ဓါတ်သတ္တုရှာဖွေ ရေး ဦးစီဌာန | 09 733263139 |
| ၁၃။ | ဦးတင်ကိုကိုဦး | လ/ထ ဘူမိဗေဒအရာရှိ | ဘူမိဗေဒလေ့လာရေး နှင့် ဓါတ်သတ္တုရှာဖွေ ရေး ဦးစီဌာန | 09 963545323 |
| ၁၄။ | ဒေါ်ကြည်ကြည်ပြုံး | ဒု-ညွှန်ကြားရေးမှူး | မြန်မာ့ရေနံ နှင့် သဘာဝ | 09 401640828 |

| | | | | |
|---|---|---|---|---|
| | | | ဓါတ်ငွေ့လုပ်ငန်း | |
| ၁၅။ | ဒေါ်မြင့်မြင့်ခိုင် | လက်ထောက်မန်နေဂျာ (ဘဏ္ဍာရေး) | မြန်မာ့ရေနံ နှင့် သဘာဝ ဓါတ်ငွေ့လုပ်ငန်း | 09 428301492 |
| ၁၆။ | ဦးကျော်စွာစိုး | မန်နေဂျာ (ဥပဒေ) | MOGE | 09 7803564175 |
| ၁၇။ | ဦးနေအောင် | မန်နေဂျာ (ကမ်းလွန်) | MOGE | 09 967931313 |
| ၁၈။ | ဦးအောင်မြတ်ကျော် | Director | Budget Department | 067 410266 |
| ၁၉။ | ဒေါ်ချိုချို | Budget officer | Budget Department | 067 410534 |
| ၂၀။ | ဒေါ်အေးအေးမွန် | Budget officer | Budget Department | 067 410536 |
| ၂၁။ | ဒေါ်ခင်ခင်မေ | DD | OAG | 09 448535572 |
| ၂၂။ | ဒေါ်ထားရီ | DTR | OAG | 09 444035846 |
| ၂၃။ | ဒေါ်နှင်းဝေအောင် | AD | MOBD | 09 254289454 |
| ၂၄။ | ဒေါ်ခင်ပပခိုင် | SO | MOBD | 09 784618786 |
| ၂၅။ | ဒေါ်ရွှေရည်ဝင်း | SO | MOBD | 09 444025348 |
| ၂၆။ | ဒေါ်မျိုးမြတ်ခိုင် | DSO | MOBD | 09 440702088 |
| ၂၇။ | ဒေါ်စုရည်လှိုင် | DSO | MOBD | 09 791916844 |
| ၂၈။ | ဦးတင်မျိုးနိုင် | AD | LTO | 09 5047736 |
| ၂၉။ | ဦးအေးမင်းသိန်း | AD | MTO 1 | 09 400476618 |
| ၃၀။ | ဦးငြိမ်းရှိန်ဖြိုး | AD | MTO 3 | 09 5132970 |
| ၃၁။ | ဒေါ်အေးအေးခိုင် | AD | MTO 2 | 09 450400070 |
| ၃၂။ | ဦးနေလင်းစိုး | Director | IRD | 09 5185502 |
| ၃၃။ | ဒေါ်မင်းမင်းခိုင် | AD | IRD | 09 2023477 |
| ၃၄။ | ဒေါ်အိနီတာ | Staff officer | IRD | 09 423698916 |
| ၃၅။ | ဒေါ်ရီရီခိုင် | Director | Treasury Department | 09 254558424 |
| ၃၆။ | ဦးထွန်းထွန်းဇော် | AD | MGE | 09 43044660 |
| ၃၇။ | ဦးမျိုးနိုင် | Director | MGE | 09 400016741 |
| ၃၈။ | ဦးလှဝင်း | AD | ME 1 | 09 428329879 |
| ၃၉။ | ဦးသန်းဌေးအောင် | Advisor/Consultant | MOGE | |
| ၄၀။ | ဒေါ်စုစုစိုး | AD | OGPD | 09 786674948 |
| ၄၁ | ဦးအေးလင်း | Director | ME 2 | 09 426463685 |
| ၄၂ | ဦးဆလိုင်းကျုံးလျန်ထောင်း | Advisor | Pyoe Pin | |
| ၄၃ | ဒေါ်တာရာမောင် | Technical Advisor | NCS | |
| ၄၄ | ဦးထွန်းထွန်းလွင် | Director | ME 1 | 067 409012<br>09 43208066 |
| ၄၅ | ဦးသိန်းထွန်း | AD | DOM | 09 428321063 |
| ၄၆ | ဒေါ်ခင်ခင်လွင် | Director | Budget Departmen | |
| ၄၇ | ဒေါက်တာရဲမြင့်ဆွေ | DG | DGSE | 09 8300607 |
| ၄၈ | ဒေါ်လွင်လွင်ခိုင် | DD | Treasury | 067 410168 |
| ၄၉ | ဦးဆန်းဝင်း | DD | MOBD | 09 5016167 |

| | | | | |
|---|---|---|---|---|
| ၅၀ | ဒေါ်တင်တင်စိုး | | Gems | 09 254572824 |
| ၅၁ | ဒေါ်မိမိကျော့ | AD | ME 1 | 067 409392 |
| ၅၂ | ဒေါ်မြင့်မြင့်ဦး | AD | ME 1 | 09 448533206 |
| ၅၃ | ဒေါ်သီဂီ | AD | ME 1 | 067 404394 |
| ၅၄ | ဦးမင်းသူ | AD | ကျောက်မျက် | 09 964616154 |
| ၅၅ | ဒေါ်ချို | Assistant Manager | ကျောက်မျက် | 09 43015880 |
| ၅၆ | ဒေါ်ဝင်းဝင်းရီ | DAD | ကျောက်မျက် | 09 443180370 |
| ၅၇ | ဒေါ်မေသက်တင် | အငယ်တန်းအင်ဂျင်နီယာ-၁ (မြို့ပြ) | ကျောက်မျက် | 09 250380281 |
| ၅၈ | ဒေါ်မျိုးသီရိအောင် | အငယ်တန်းအင်ဂျင်နီယာ-၁ (မြို့ပြ) | ကျောက်မျက် | 09 254567788 |
| ၅၉ | ဒေါ်စုစုလှိုင် | စာရင်းကိုင် -၁ | ကျောက်မျက် | 067 414628 |
| ၆၀ | ဒေါ်ဆွေဆွေအောင် | စာရင်းကိုင် -၁ | ကျောက်မျက် | 067 414628 |
| ၆၁ | ဒေါ်ကျော့စုသိန်း | ကြီးကြပ်ရေးမှူး (ကွန်ပျူတာ) | ကျောက်မျက် | 067 414628 |
| ၆၂ | ဒေါ်ခင်ခင်ဝင်း | လက်မှု-၅ (ကျောက်စိမ်း) | ကျောက်မျက် | 09 455719155 |
| ၆၃ | ဒေါ်သီတာ | ငွေကိုင် - ၁ | သတ္တုတွင်းဦးစီးဌာန | 09 448548061 |
| ၆၄ | ဦးပြည့်သာကျော် | IA & Outreach Officer | NCS | |
| ၆၅ | ဒေါ်အေးချမ်းဝေ | Communication Assistant | NCS | 09 977255764 |

### ၉.၂။ နောက်ဆက်တွဲ (၂) အခမ်းအနားအစီအစဉ်

အီးအိုင်တီအိုင်လုပ်ငန်းစဉ်အား သိနားလည်စေခြင်း နှင့် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ခုနှစ် ၂ နှစ်စာ Reconciliation အစီရင်ခံစာကို ပြင်ဆင်နိုင်ရန်အတွက် အစိုးရအလုပ်အဖွဲ့ဝင်များနှင့် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်

| အချိန် | အစီအစဉ် | ဦးဆောင်မည့်သူ |
|---|---|---|
| ၉း၀၀ - ၉း၁၅ | အဖွင့်အမှာစကားပြောကြားခြင်း။ | |
| ၉း၁၅ - ၉း၃၀ | မိတ်ဆက်ခြင်း နှင့် အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ အား ရှင်းလင်းတင်ပြခြင်း၊ | ဦးထွန်းပေါ်ဦး |
| ၉း၃၀ - ၉း၄၅ | MEITI ၏ နောက်ခံသမိုင်းကြောင်းအား ရှင်းလင်းတင်ပြခြင်း | ဦးဆန်းဝင်း |
| ၉း၄၅ - ၁၀း၁၅ | သယံဇာတအရင်းအမြစ်များစီမံခန့်ခွဲခြင်း နှင့် EITI လုပ်ငန်းစဉ်တွင် အစိုးရ၏ အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများ အကြောင်း ရှင်းလင်းတင်ပြခြင်း | ဦးဆလိုင်းကျုံးလျန်ထောင်း |
| ၁၀း၁၅ - ၁၀း၃၀ | အမှတ်တရဓါတ်ပုံရိုက်ကူးခြင်း နှင့် လက်ဘက်ရည်သောက်နားခြင်း | တက်ရောက်သူများ |
| ၁၀း၃၀ - ၁၁း၁၅ | EITI အစီရင်ခံစာ အချိန်ဇယား နှင့် အဆင့်များအကြောင်း ရှင်းလင်းတင်ပြခြင်း | ဒေါ်ခင်စောငွေး |

| | | |
|---|---|---|
| ၁၁း၁၅ - ၁၂း၀၀ | ပထမအကြိမ် EITI အစီရင်ခံစာအပေါ် အကြံပြု တိုက်တွန်းချက်များအား ရှင်းလင်းတင်ပြခြင်း | ဒေါ်တာရာမောင် |
| နေ့လည်စာစားသုံးခြင်း | | |
| ၁း၀၀ - ၂း၀၀ | ၂၀၁၆ EITI စံနှုန်းအကြောင်း ရှင်းလင်းတင်ပြခြင်း | ဒေါ်ခင်စောဌေး |
| ၂:၀၀ - ၂:၁၅ | EITIအတွက် ရိုက်ကူးထားသည့် ကြွက်တိုင်းပြည် ဗီဒီယိုအား ပြသခြင်း | |
| ၂း၁၅ - ၂း၄၅ | အရင်အစီရင်ခံစာတွင် အသုံးပြုခဲ့သည့် template အကြောင်းဆွေးနွေးခြင်း | ဒေါ်တာရာမောင် |
| ၂း၄၅ - ၃း၀၀ | လက်ဘက်ရည်သောက်နားခြင်း | |
| ၃း၀၀ - ၄း၁၅ | အုပ်စုဖွဲ့ဆွေးနွေးခြင်း<br>• ဒုတိယ နှင့် တတိယ အကြိမ် EITI အစီရင်ခံစာ ပြုစုရာတွင် အစိုးရကဏ္ဍ တွင် ရင်ဆိုင် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှု/အခက်အခဲများကို ဆွေးနွေးခြင်း<br>• ယင်းစိန်ခေါ်မှု/ အခက်အခဲများကို မည်သို့ရင်ဆိုင် ကျော်လွှားလို့ရမလဲ။<br>• ယင်းစိန်ခေါ်မှုများအတွက် ဘာတွေပြင်ဆင်ထားပြီးပြီလဲ။<br>• ရှေ့ဆက်မည်သို့ ဆက်လက်ဆောင်ရွက်မလဲ။ | အစိုးရဌာနကိုယ်စားလှယ်များ |
| ၄း၁၅ - ၄း၄၅ | ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်း | အုပ်စုတစ်ခုချင်းစီမှ ကိုယ်စားလှယ်များ |
| ၄း၄၅ - ၅း၀၀ | အပိတ်ကျေးဇူးတင်စကားပြောကြားခြင်း။ | ဦးထွန်းပေါ်ဦး |

## ၉.၃။ နောက်ဆက်တွဲ (၃) လှုပ်ရှားမှုဓါတ်ပုံများ



အဖွင့် အမှာစကား ပြောကြားခြင်း



အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များအား ရှင်းပြခြင်း



မိတ်ဆက်ခြင်း



မိတ်ဆက်ခြင်း



MEITI သမိုင်းကြောင်းအား ရှင်းလင်းတင်ပြခြင်း



သယံဇာတစီမံအုပ်ချုပ်မှုတွင် အစိုးရ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအား ရှင်းလင်းတင်ပြခြင်း



အီးအိုင်တီအိုင်အစီရင်ခံစာအချိန်ဇယား နှင့် အဆင့်များအား ရှင်းလင်းတင်ပြခြင်း



ပထမအကြိမ် အီးအိုင်တီအိုင် အစီရင်ခံစာ၏ အကြံပြုချက်များအား ရှင်းလင်းတင်ပြခြင်း



အုပ်စုဖွဲ့ဆွေးနွေးခြင်း



အုပ်စုဖွဲ့ဆွေးနွေးခြင်း



အုပ်စုဖွဲ့ဆွေးနွေးချက်များအား ပြန်လည်ရှင်းလင်းတင်ပြခြင်း



အုပ်စုဖွဲ့ဆွေးနွေးချက်များအား ပြန်လည်ရှင်းလင်းတင်ပြခြင်း